မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်၊ ၂၀၁၂ ခုနှစ်၊ မေ ၁၁ ရက်၊ သောကြာနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၁၉)

ဒို့တာဝန်အရေး(၃)ပါး

❖ ပြည်ထောင်စု မပြိုကွဲရေး။
❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား NTEGRATOR ကုမ္ပဏီမှ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၀

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား စင်ကာပူနိုင်ငံ NTEGRATOR ကုမ္ပဏီမှ ဦးဆောင်ညွှန်ကြားရေးမှူး Mr. Jimmy Chang ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးရုံး ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ရုပ်မြင်သံကြားထုတ်လွှင့်မှု နည်းပညာများအား အဆင့်မြှင့်တင် ပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် အခွင့်အလမ်းများကို ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦး၊ ဝန်ကြီးရုံး ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား စင်ကာပူနိုင်ငံ NTEGRATOR ကုမ္ပဏီမှ ဦးဆောင်ညွှန်ကြားရေးမှူး Mr. Jimmy Chang နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်က မြစ်သာရေလှောင်တမံ

နေပြည်တော် မေ ၁၀

သတင်းဆောင်းပါး
ကိုတင်လှိုင်(မိတ္ထီလာ)
ဓာတ်ပုံ
ကိုသန့်စင်

မြန်မာနိုင်ငံသည် ရေအရင်းအမြစ် ဖွံ့ဖြိုးများပြားသောနိုင်ငံ ဖြစ်သည်။ မြန်မာနိုင်ငံတွင် အဓိကအဖြစ် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်ဟူ၍ မြစ်ကြီးလေးသွယ်ရှိသည်။ ထို့အပြင် မြစ်ငယ် ချောင်း အင်းအိုင်များဖြင့်လည်း မြန်မာနိုင်ငံတစ်နံတစ်လျား ပြည့်နှက်နေသည်။ ထိုမြစ်များအနက် အားလုံးနီးပါးမှာ မြောက်ဘက်မှတောင်ဘက်သို့စီးဆင်းသောမြစ်များ ဖြစ်ကြသည်။ ထိုမြစ်များထဲမှ ထူးဆန်းစွာ တောင်ဘက်မှမြောက်ဘက်သို့ စီးဆင်းသောမြစ်တစ်စင်းမှာ မြစ်သာမြစ်ဖြစ်သည်။ ထိုမြစ်သည် ချင်းပြည်နယ်မှမြစ်ဖျားခံ၍ စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့အနီးမှ ချင်းတွင်းမြစ်ထဲသို့ စီးဝင်သွားသည်။

စာမျက်နှာ ၆ ကော်လံ ၁ ▲



မြစ်သာရေလှောင်တမံစီမံကိန်းကို စက်ယန္တရားကြီးများဖြင့် ဤသို့ ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေ ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲကျင်းပ

နေပြည်တော် မေ ၁၀

နေပြည်တော်ကောင်စီနယ်မြေ ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၉ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပခဲ့သည်။

အကောင်အထည်ဖော်

အခမ်းအနားတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က ပဉ္စမကာလတို (၅)နှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းလျာထားချက်များအား ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပဉ္စမကာလတို (၅)နှစ်စီမံကိန်း၏ ဒုတိယနှစ်ဖြစ်သော ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်တွင်လည်း စီမံကိန်းရည်မှန်းချက်များကို တာဝန်ခွဲဝေသတ်မှတ်ပေးထားသည့်အတိုင်း အောင်မြင်ကျော်လွန်အောင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်က ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သော နေပြည်တော်ကောင်စီနယ်မြေ၏ ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တာဝန်ပေးအပ်

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက မြို့နယ်အုပ်ချုပ်ရေးမှူးများအား မြို့နယ်အလိုက် စီမံကိန်းတာဝန်ပေးအပ်လွှာများကိုလည်းကောင်း၊ ဌာနဆိုင်ရာတာဝန်ခံများအား ကဏ္ဍများအလိုက် တာဝန်ပေးအပ်လွှာများကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် မေ ၁၁ ရက်)

ရှေ့ကိုမျှော်တွေး ရှေ့ရေးကိုမြော်မြင်ကြည့်ခြင်း

ရှေ့ကိုမျှော်တွေးပြီး လုပ်ကိုင်နိုင်ခြင်းမရှိလျှင် အမြဲတမ်းခေတ်နောက်ကျနေလိမ့်မည်ဟု စီးပွားရေးပညာရှင်ကြီးတစ်ဦးက ပြောဖူးသည်။ အတိတ်ကဘာတွေဖြစ်ခဲ့သည်၊ လက်ရှိပစ္စုပ္ပန်တွင်ဘာတွေဖြစ်နေသည်၊ နောင်အနာဂတ်တွင် ဘာတွေဖြစ်လာဦးမည်စသည်ဖြင့် စဉ်းစားတွေးခေါ်အလုပ်လုပ်ကြဖို့လိုသည်။ သာမန်အမြင်၊ သာမန်အတွေးနှင့် လုပ်နေသမျှကာလပတ်လုံး သာမန်အဆင့်မှာသာရှိနေမည်မှာ သေချာပေသည်။

ရှေ့ကိုမျှော်တွေးလုပ်ကိုင်ခြင်းသည် လုပ်ကိုင်မည့်အလုပ်အတွက် ဆူးငြောင့်ခလုတ်တို့ကိုဖယ်ရှားပြီး ကောင်းမွန်တည့်မတ်သော လမ်းကြောင်းပေါ်သို့ရောက်စေရန် ပုံကြမ်းလောင်းပေးလိုက်ခြင်းပင်ဖြစ်၏။ ပန်းပုဆရာတစ်ယောက်သည် လက်ရာမြောက်ပန်းပုရုပ်တုကောင်းတစ်ခုရဖို့ ဦးစွာပုံကြမ်းလောင်းသွင်းထုရသကဲ့သို့ အလုပ်လုပ်ကြရာမှာလည်း ဦးစွာစဉ်းစားမြော်မြင်ခြင်းအလုပ်ကိုလုပ်ကြရ၏။ တွေးခေါ် မြော်မြင်မှုမပါသော အလုပ်တစ်ခုသည် ဆားမပါသောဟင်းကဲ့သို့ လေးနက်မှုမရှိ။ ဖြစ်ချင်ရာဖြစ်၊ ပေါက်ချင်ရာပေါက်၊ ရောက်ချင်ရာရောက်နေပေမည်။ ထို့ကြောင့်လူကြီးသူမများက "အတွေးအခေါ်ရှိရှိ၊ အမြော်အမြင်ရှိရှိ အလုပ်လုပ်ကြစမ်းပါ။ ရေတိုကိုမကြည့်နဲ့ ရေရှည်ကိုကြည့်၊ ရှေ့ကိုမျှော်တွေးအလုပ်လုပ်ကြ" စသည်ဖြင့် ပြောဆိုလေ့ရှိကြသည်။

ယနေ့နိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ အရှိန်အဟုန်ကောင်းလာသည်။ အနာဂတ်တွင် စီးပွားရေးအခွင့်အလမ်းများ တိုးပွားလာမည်။ ယှဉ်ပြိုင်မှုစွမ်းအားများ ပိုမိုကြီးထွားလာမည်။ ပြည်တွင်းပြည်ပကုမ္ပဏီများနှင့် အရင်းအနှီးများ အလုံးအရင်းဖြင့်စီးဝင်လာတော့မည်။ အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးပွားလာဦးမည်။ ဤသို့သောအခြေအနေတွင် ရှေ့ကိုမျှော်တွေးအလုပ်လုပ်ကြရပေတော့မည်။ အမြော်အမြင်ဖြင့်လုပ်ကိုင်ခြင်းကြောင့် အခက်အခဲများကို ကျော်လွှားနိုင်မည်ဖြစ်သည်။

စီးပွားရေးလုပ်ကိုင်လိုသူများက စီးပွားရေးအမြင်၊ စီးပွားရေးမျက်စိဖြင့် စီးပွားရေးအကွက်အကွင်းများကိုမျှော်တွေးကြည့်နိုင်ရမည်။ အလုပ်လုပ်ကိုင်သူများက ကျွမ်းကျင်မှုနှင့် အတတ်ပညာများရရှိပိုင်ဆိုင်ထားဖို့လိုသည်။ ပညာရှာလိုသူလူငယ်များက ပညာသင်ယူမှုအခွင့်အလမ်းအတွက် ကြိုတင်မျှော်တွေးပြင်ဆင်ထားသင့်ပေသည်။ အလားတူ ကြိုတင်မျှော်တွေး ပြင်ဆင်စရာများစွာရှိ၏။ ဘယ်အရာမဆို ကြိုတင်မျှော်တွေးအလုပ်လုပ်ကြဖို့ အရေးကြီးလာပြီဖြစ်သည်။

သို့သော်လူအများစုမှာ ရှေ့ကိုမျှော်တွေးပြီး အလုပ်လုပ်သည့်အလေ့အထမရှိကြ။ တစ်နေ့တာလုပ်ငန်းစဉ်ယန္တရားအတွင်းမှာပင် လည်ပတ်နေကြသည်။ နေ့စဉ်အလုပ်ဆင်းသည်။ ထမင်းစားသည်။ အိပ်သည်။ ရေချိုးသည်စသည်ဖြင့် ကျင်လည်နေကြ၏။ မနက်ဖြန်လည်းထိုနည်းလည်းကောင်း၊ သန်ဘက်ခါလည်းထိုနည်းလည်းကောင်း၊ ထိုနည်းလည်းကောင်းဖြင့်ပင် တစ်နေ့ပြီးတစ်နေ့ကုန်ကာ အသက်တွေကြီးကြီးလာသည်။

ထို့ကြောင့် လူတိုင်းလူတိုင်းသည် ရိုးရိုးအေးအေးကြီးမနေကြဘဲ အတွေးအခေါ်ရှိရှိ၊ အမြော်အမြင်ရှိရှိ အလုပ်လုပ်ကြရပေမည်။ နောင်ဖြစ်လတ္တံ့သော အကြောင်းအရာများကိုအခြေခံပြီး ရှေ့ကိုမျှော်တွေး ရှေ့ရေးကို မြော်မြင်ကြည့်ခြင်းဖြင့် အလုပ်လုပ်ပါက အခက်အခဲဟူသမျှကို အောင်မြင်ကျော်လွှားနိုင်ကြမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ မှော်ဘီမြို့နယ်၌ ကျင်းပ

မှော်ဘီ မေ ၁၀

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ယင်းဒိုက်ပင်ကျေးရွာအုပ်စု ကင်မလင်ချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ အလှူရှင် ဦးကျော်ခင်- ဒေါက်တာဒေါ်မြမြမိသားစုတို့က ဆောက်လုပ်လှူဒါန်းသော ငွေကျပ် သိန်း ၃၇၀ တန်ဖိုးရှိ (၈၀× ၃၀)ပေ ကျောင်းဆောင်သစ် ဖွင့်လှစ်လွှဲပြောင်းပေးအပ်ပွဲကို မေ ၅ ရက်က အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်စိုး၊ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဌေးနှင့် အလှူရှင်များက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)**ကျောင်းဆောင်သစ်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်းသိရှိရသည်။ **(ပညာရေး)**

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်း မပြုစေရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူး သတိပြုသုံးစွဲရန်။ **မီးသတ်ဦးစီးဌာန**

လှည့်လည်ဖျော်ဖြေ

မေ ၅ ရက် (ကဆုန်လပြည့်နေ့)က အင်းစိန်မြို့နယ် ကမ်းနားလမ်း အနောက်ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်သူ ရပ်ကွက်သားများက မြို့နယ်အတွင်းရှိ မဟာဗောဓိညောင်ပင်များအား ညောင်ရေသွန်းလောင်းပူဇော်ပွဲအခမ်းအနားများကျင်းပရာ ပူဇော်ပွဲ အခမ်းအနားများတွင် ကားအလှယာဉ်အဆိုအကများဖြင့် လှည့်လည်ဖျော်ဖြေစဉ်။ (မြန်မာ့အလင်း)

ဒေသန္တရစီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ရေး တာဝန်ပေးအပ်ပွဲနှင့် အကောင်အထည်ဖော်နိုင်မှုအခြေအနေတင်ပြပွဲ ပုသိမ်မြို့နယ်၌ကျင်းပ

နေပြည်တော် မေ ၁၀

ဧရာဝတီတိုင်းဒေသကြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဒေသန္တရ စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ရေး တာဝန်ပေးအပ်ပွဲနှင့် ၂၀၁၁-၂၀၁၂ခုနှစ် စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်မှုအခြေအနေတင်ပြပွဲကို မေ ၈ ရက် မွန်းတည့် ၁၂ နာရီက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က ဒေသန္တရစီမံကိန်းသည် ဧရာဝတီတိုင်းဒေသကြီး၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် တစ်နိုင်ငံလုံး၏ GDPတွင် ၁၂ ဒသမ ၈ ရာခိုင်နှုန်း ပါဝင်နေသောကြောင့် တိုင်းဒေသကြီး၏စီမံကိန်းရည်မှန်းချက်များ ပြည့်မီရန် အလွန်အရေးကြီးကြောင်း၊ ပြည်သူတို့၏ အနာဂတ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းမြင့်မားရေး၊ တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် စီမံကိန်းရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီ **(အောက်ပုံ)**တိုင်းဒေသကြီးပဉ္စမကာလတို ငါးနှစ်စီမံကိန်း၏ ဒုတိယနှစ်ဖြစ်သော ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ဒေသန္တရစီမံကိန်းရည်မှန်းချက်များအကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ပေးအပ်လွှာများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနား မြစ်ကြီးနားမြို့၌ကျင်းပ

နေပြည်တော် မေ ၁၀

၂၀၁၂ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကို မေ ၈ ရက် နံနက် ၉ နာရီက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ကျင်းပရာ သူနာပြုတပ်ဖွဲ့ဝင်များက ကြက်ခြေနီသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ ကမ္ဘာ့ကြက်ခြေနီနေ့ သဝဏ်လွှာကို ပြည်နယ်ကြက်ခြေနီကြီးကြပ်မှု ကော်မတီအတွင်းရေးမှူး ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဒုတိယပြည်နယ်မှူး ဒေါက်တာဝင်းလွင်က ဖတ်ကြားသည်။

ထို့နောက် တပ်ကုန်း၊ စီတာပူ၊ မန်ခိန်၊ ရမ်ပူရပ်ကွက်ရှိ မိဘမဲ့ကျောင်းများနှင့် အေးမြသာယာရပ်ကွက်ရှိ မျက်မမြင်ကျောင်းတို့အတွက် ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့လှူဒါန်းသော ဆန် ၄၄ အိတ်နှင့်ဆီ ၅၅ ပိဿာကို ပြည်နယ်ဝန်ကြီးချုပ်က လည်းကောင်း၊ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီက လှူဒါန်းသောကျောင်းဝတ်စုံ ၁၇၅ စုံကို ဒေါက်တာဝင်းလွင်က လည်းကောင်း ပေးအပ်သည်။

ယင်းနောက် ကယ်ဆယ်ရေးစခန်းမှ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံများ ဝယ်ယူရန် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီက ငွေကျပ် ၂၃ သိန်း၊ အလွမ်းတောင်ကုမ္ပဏီက ငွေကျပ်သုံးသိန်း၊ ဟိုပင်မြို့နယ်ခွဲ ကြက်ခြေနီသူနာပြုတပ်ဖွဲ့က ငွေကျပ် ၂၅၀၀၀၀၊ မြန်မာရွှေကျားကုမ္ပဏီက ငွေကျပ် ၂၃၀၀၀၀နှင့် အေးမြသာယာရပ်ကွက်မှ ဒေါ်ညောင်အင်းဟောက်က ငွေကျပ်နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပင်လည်ဘူးမြို့နယ်၌ ဖူးသစ်ဝေစာကြည့်တိုက်ဖွင့်

ပင်လည်ဘူး မေ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် တောင်တော-ရွှေထီးကုန်းကျေးရွာ ဖူးသစ်ဝေစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၈ ရက် မွန်းလွဲ ၁ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးယဉ်မင်းအောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းအောင်နှင့် ကျေးရွာ ရပ်မိရပ်ဖ ဦးအောင်ဖေတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန့်စင်က စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ စာကြည့်တိုက်သည် အလျား ၂၄ ပေ၊ အနံ ၂၂ ပေ၊ အမြင့် ၁၆ ပေရှိ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း တစ်ထပ်အမျိုးအစားဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြဝတီရုပ်မြင်သံကြား

၁၁-၅-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၅	နိုင်ငံတော်သီချင်း
၇း၁၀	တရားတော်
၇း၁၅	ဓမ္မပူဇာတေး
၇း၄၅	သာယာသီကြွေး ခေတ်ဆန်းတေး
၈း၁၅	ဇာတ်လမ်းတို

ညပိုင်း

၄း၁၀	မဟာဂီတ ချိုကြည်မြ	
၄း၂၀	ဇာတ်လမ်းတို	မိုးလေဝသသတင်း
၄း၃၀	ရင်မှာစွဲလမ်း တော်ဝင်ပန်း	သံစဉ်များနှင့်ကမ္ဘာ
၄း၄၅	အိုင်စီတီသုတ	စိုက်ပျိုးသုတ
၆း၄၅	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား	ယနေ့ညအတွက် မြဝတီ၏
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း	တေးလက်ဆောင်
	ကွန်ဖူးဘုရင် ဘရုစ်လီ (အပိုင်း-၃၄)	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရိုက်အရာ** (အပိုင်း-၁၂)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း နိုင်ငံတကာသတင်း	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သမုဒ္ဒယနှောင်ကြိုး**(အပိုင်း-၂၈)

သဘာဝမြေဩဇာအသုံးပြုခြင်း ပညာပေးဆွေးနွေးပွဲ မြောင်းမြမြို့နယ်၌ကျင်းပ

မြောင်းမြ မေ ၁၀

ကျေးလက်နေတောင်သူများ လူမှုစီးပွားဘဝမြင့်မားရေး၊ စိုက်ပျိုးသီးနှံများအထွက်နှုန်းတိုးတက်စေရေးရည်ရွယ်ချက်ဖြင့် တောင်သူကြီးများ၏ လယ်ယာမြေများဖွံ့ဖြိုးကောင်းမွန်စေရန် သီရိမြင့်မြတ် စိုက်ပျိုးရေးကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ချိသော ဂျစ်ပဆန် သဘာဝမြေဩဇာ အသုံးပြုခြင်းဆိုင်ရာ ပညာပေးဆွေးနွေးပွဲကို မေ ၁ရက် နံနက်က မြောင်းမြမြို့ မြရွှေဝါခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးပညာရှင် ဦးလှမိုးအောင်က သဘာဝမြေဩဇာ အသုံးပြုခြင်းဖြင့် ကောက်ပဲသီးနှံများကို အထွက်တိုးခြင်း၊ အရည်အသွေးမြင့်မားသော သီးနှံများရရှိခြင်း၊ ဘေးထွက်ဆိုးကျိုးများကင်းဝေးခြင်းစသည့်အကျိုးကျေးဇူးများအကြောင်း ဟောပြောဆွေးနွေးသည်။

မေးမြန်းဆွေးနွေး

ဆွေးနွေးပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ တောင်သူများ၊ စိုက်ပျိုးရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး တက်ရောက်ကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(စိုက်ပျိုးရေး)**

ရေရှည်တည်တံ့ခိုင်မြဲသော လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး

အပြန်အလှန်ယုံကြည်မှုရှိစွာ ခိုင်ခိုင်မာမာ ဆောင်ရွက်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ငလိုက်ရော်ဘာ ရေလွှဲဆည်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၀

မေ ၉ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ကျားကူးအနောက်ကျေးရွာရှိ ရွှေသံလွင်ကုမ္ပဏီ၏ ခေတ်မီစံပြစက်မှုလယ်ယာဧက ၁၀၀ စိုက်ကွင်း၌ ပုလဲသွယ်စပ်မျိုးစပါး ၁၂၂ ဧက စိုက်ပျိုးခြင်းအတွက် ကြိုတင်ငွေပေးအပ်ပွဲ အခမ်းအနား ကျင်းပခဲ့သည်။

ခိုင်ခိုင်မာမာဆောင်ရွက်

အခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ရေရှည်တည်တံ့ခိုင်မြဲသောလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူလယ်သမားများ၏အခန်းကဏ္ဍ၊ လုပ်ငန်းရှင်များ၏အခန်းကဏ္ဍ၊ နိုင်ငံတော်အစိုးရ၏အခန်းကဏ္ဍများ ပေါင်းစပ်၍ အပြန်အလှန် ယုံကြည်မှုရှိစွာဖြင့် ခိုင်ခိုင်မာမာဆောင်ရွက် အကောင်အထည်ဖော်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရွှေသံလွင်ကုမ္ပဏီ စိုက်ကွင်းအတွင်းရှိ မြန်မာ-တရုတ် စပ်မျိုးစပါးမျိုးစေ့ထုတ် သုတေသနစိုက်ကွင်းအတွင်း အောင်မြင်ဖြစ်ထွန်းနေသော သက်တမ်း ၆၀ ရက်သားရှိ အဖိုလိုင်း (R)၊ သက်တမ်း ၅၅ ရက်သားရှိ အမလိုင်း(A)နှင့် သက်တမ်း ၅၀ ရက်သားရှိ F-1 စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျားကူးကျေးရွာအနီး ရေဟာသ်ာကုမ္ပဏီ၏ တစ်ရက်တန် ၂၄၀ ကျ ခေတ်မီအဆင့်မြင့် ဆန်စက်တည်ဆောက်မည့်နေရာနှင့် ကြိုတင်ရောက်ရှိနေသော ဆန်စက်အစိတ်အပိုင်းများ၊ စပါးအခြောက်ခံ ယာယီသိုလှောင်ရုံအဆောက်အအုံ၊ စပါးအခြောက်ခံစက် (DRYER)၊ စပါးသိုလှောင်ရုံ (SILO) အဆောက်အအုံများကိုလည်းကောင်း၊ ရွှေသံလွင်ကုမ္ပဏီ၏ မျိုးစေ့အရောင်းပြခန်းအတွင်း ခင်းကျင်းပြသထားသည့် စိုက်ပျိုးရေးထွက်ကုန်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ချိုင်းကျေးရွာအနီးရှိ ရွှေသံလွင်ကုမ္ပဏီ၏ မျိုးစေ့အရောင်းပြခန်းသို့ သွားရောက်ပြီး ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့များ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံမျိုးစေ့များ၊ လယ်ယာထွက်တန်ဖိုးမြင့် ထုတ်ကုန်များ၊ ခြံထွက်သစ်သီးဝလံများနှင့် မျိုးကောင်း သရက်ပျိုးပင်များ၊ နဂါးမောက်ပျိုးပင်များ၊ တစ်ရှူးငှက်ပျောပျိုးပင်များကို ကြည့်ရှုသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နေပြည်တော် မြို့တော်ခန်းမအနီးရှိ ငလိုက်ရော်ဘာ ရေလွှဲဆည်သို့ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က အလျားပေ ၂၁၀၊ အမြင့်ကွန်ကရစ်ကိုးပေရှိ ခေတ်မီအဆင့်မြင့် ရော်ဘာရေလွှဲဆည် တည်ဆောက်ထားပြီး အဆိုပါရေလွှဲဆည်၏ လက်ယာမြောင်းမကြီးမှ ဧက ၁၄၃၀ နှင့် လက်ဝဲမြောင်းမကြီးမှ ဧက ၅၀၀ တို့သို့ ဆည်ရေပေးဝေနေမှုကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ခေတ်မီရော်ဘာရေလွှဲဆည်ကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားကာ ရေလွှဲဆည်မှအဆင့်မြင့် နည်းပညာရပ်များဖြင့် ရေပို့လွှတ်မှုများ၊ ကျောက်သား လိုင်နင်စီထားသော မြောင်းလက်တံများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဟာရင်နိုင်တီယမ်းအား ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

၂၀၁၁ ခုနှစ် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်းထုတ်ပြန်ကြေညာ

နေပြည်တော် မေ ၁၀

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ် စာမေးပွဲအောင်စာရင်းကို ထုတ်ပြန်ကြေညာလိုက်သည်-

အဘိဓမ္မာစာမေးပွဲတွင် စာဖြေဌာနပေါင်း ၁၃၁ ဌာန၌ ဖြေဆိုသူ ၁၇၉၁၉ ဦး၊ အောင်မြင်သူ ၉၃၉၆ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၁၆၇၁ ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု) ရရှိကြသူများမှာ- ခုံအမှတ် ၁၆ ဦးဝင်းထိုက် မုံရွာစာဖြေဌာန မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခုံအမှတ် ၅ မောင်စိုင်းဖုန်းကျော် နတ်ရေကန်စာဖြေဌာန အမရပူရမြို့ မန္တလေးတိုင်းဒေသကြီးနှင့် ခုံအမှတ် ၁၀၅ ဒေါ်မင်းမင်းအောင် စမ်းချောင်းစာဖြေဌာန စမ်းချောင်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးတို့ ဖြစ်သည်။

အဘိဓမ္မာဂုဏ်ထူးဆောင် စာမေးပွဲတွင် စာဖြေဌာနပေါင်း ၁၀၂ ဌာန၌ ဖြေဆိုသူ ၄၃၁၃ ဦး၊ အောင်မြင်သူ ၃၁၂၄ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်အောင်မြင်သူ ၈၁၈ ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု) ရရှိကြသူများမှာ ခုံအမှတ် ၃၇ မဒီရပဝရသိဒ္ဓိ မရမ်းကုန်းစာဖြေဌာန မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊ ခုံအမှတ် ၅ မခတ္တာအောင် ခမောက်စုစာဖြေဌာန ဟသ်ာတမြို့ ဧရာဝတီတိုင်းဒေသကြီးနှင့် ခုံအမှတ် ၆၃ မောင်ထွန်းထွန်းအောင် နတ်ရေကန်စာဖြေဌာန အမရပူရမြို့ မန္တလေးတိုင်းဒေသကြီးတို့ ဖြစ်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၈၀ ၌ ဖြေဆိုသူ ၂၅၄၈ ဦး၊ အောင်မြင်သူ ၂၀၁၁ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်အောင်မြင်သူ ၃၅၄ ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု) ရရှိကြသူများမှာ ခုံအမှတ် ၂ မသင်းသင်းခိုင် ကျောက်မဲစာဖြေဌာန ကျောက်မဲမြို့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ခုံအမှတ် ၅ ဒေါက်တာမူမူပြုံး ဒဂုံဆိပ်ကမ်းစာဖြေဌာန ဒဂုံဆိပ်ကမ်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနှင့် ခုံအမှတ် ၁၄ မနန်းနှင်းနှင်းခိုင် ပြင်ဦးလွင်စာဖြေဌာန ပြင်ဦးလွင်မြို့ မန္တလေးတိုင်းဒေသကြီးတို့ ဖြစ်သည်။

အောင်စာရင်းအပြည့်အစုံကို တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးရုံးများ၊ စာဖြေဌာနရှိရာ မြို့နယ်သံဃနာယကအဖွဲ့များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများတွင် ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများဆုံးရှုံးမှု များပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများ ထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

လိုက်နာဆောင်ရွက်ရန် -

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသောနေရာများတွင်နေပါ။
(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သောကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက်အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည် သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့်သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင်အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင်အား အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ)မှ အရှေ့တောင်အာရှဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် Mr. Kunio Senga ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးတင့်လွင်အား အာရှဖွံ့ဖြိုးရေးဘဏ်(အေဒီဘီ)မှ ဧည့်သည်အဖွဲ့တွေ့ဆုံ

နေပြည်တော် မေ ၁၀

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင်အား အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ)မှ အရှေ့တောင်အာရှဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် Mr. Kunio Senga ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများတွင် ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ကြမည့် ပုဂ္ဂလိကကဏ္ဍမှ ဆက်သွယ်ရေးကုမ္ပဏီများအပေါ် အကူအညီပေးနိုင်မည့် အခြေအနေများနှင့် ICT နည်းပညာဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်သက်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဒွိလှနှင့် ဌာနကြီးမှူးများ၊ အင်ဂျင်နီယာချုပ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မူလတန်းကျောင်းဆောင်သစ် အိမ်မဲမြို့နယ်၌ဖွင့်

အိမ်မဲ မေ ၁၀

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ရေသိုးညောင်ဝိုင်းကျေးရွာအုပ်စု လက်ပံကုန်းကျေးရွာတွင် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက်က လှူဒါန်းသော (၁၂၆ ပေ× ပေ ၃၀) ရှိ တစ်ထပ်ဆောင် မူလတန်းကျောင်းဆောင်သစ်၊ Triangle Links Engineering ကုမ္ပဏီလီမိတက်နှင့် အခြားအလှူရှင်များ လှူဒါန်းသော ကျောင်းဆောင်ဟောင်းပြုပြင်ခြင်း၊ လူကူးတံတားဆောက်လုပ်ခြင်း၊ ကျောင်းသုံးစာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ လှူဒါန်းခြင်း၊ ကွန်ကရစ်လမ်းခင်း လှူဒါန်းခြင်း၊ ကမ္ဗည်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ခြင်း အခမ်းအနားကို မေ ၆ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းရှေ့၌ကျင်းပရာ အလှူရှင်များနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

မေ ၄ ရက်က ရွှေပြည်သာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၌ ဝန်ထမ်းများအား ဝတ်စုံထောက်ပံ့ပေးအပ်ပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦးက မြို့နယ်ထွေ/အုပ် ဝန်ထမ်း ၅၄ ဦးအား ဝတ်စုံ ၅၄ စုံကို ပေးအပ်ပြီး ဒုတိယဦးစီးမှူး ဦးမျိုးသူနှင့် ရုံးအုပ် ဦးဝင်းနီတို့ လက်ခံယူစဉ်။ (၁၆၆)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

မိုးမြင့်လင်းလက် - စုစည်းသည်

အက်ဖ်-၃၅ ဂျက်တိုက်လေယာဉ်များ အမေရိကန်က ဂျပန်သို့ပေးပို့မည်

တိုကျို မေ ၁၀

အမေရိကန်နိုင်ငံက ဂျပန်နိုင်ငံသို့ အက်ဖ်-၃၅ဂျက်တိုက်လေယာဉ်အသစ် လေးစင်းကို မကြာမီ လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း ဂျပန်စစ်ဘက်က မေ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျပန်နှင့် အမေရိကန်နှစ်နိုင်ငံတို့ သဘောတူညီချက်အရ ပေးပို့ခြင်းဖြစ်ပြီး အဆိုပါဂျက်တိုက်လေယာဉ်များသည် အမေရိကန်နိုင်ငံထုတ် နောက်ဆုံးပေါ် ဂျက်တိုက်လေယာဉ်အမျိုးအစားများဖြစ်သည်။ နောက်ထပ်လေယာဉ်များကို ၂၀၁၆ ခုနှစ်၌ ဂျပန်နိုင်ငံသို့ လွှဲပြောင်းပေးမည်ဖြစ်သည်။

ဂျပန်နိုင်ငံ၏စစ်ဘက်အတွက် ဂျက်တိုက်လေယာဉ် **(အပေါ်ပုံ)** အက်ဖ်-၃၅ ဂျက် တိုက်လေယာဉ် ၄၂ စင်းကို အမေရိကန်က ဆက်လက်ပေးပို့သွားမည်ဖြစ်သည်။ မကြာမီ လွှဲပြောင်းပေးမည့် အက်ဖ်-၃၅ ဂျက်တိုက်လေယာဉ်လေးစင်းမှာ ကနဦးပေးပို့မည့်လေယာဉ်များဖြစ်သည်။

မှာယူခဲ့

အခြားအမျိုးအစားလေယာဉ်များကို ဂျပန်နိုင်ငံက ငြင်းပယ်ခဲ့ပြီး အက်ဖ်-၃၅ ဂျက်တိုက်လေယာဉ်များကိုသာ ပေးပို့ရန် မှာယူခဲ့သည်ဟု ဂျပန်ကာကွယ်ရေးဝန်ကြီး နာအိုကီတာနာကာက ပြောကြားသည်။ **(အင်တာနက်)**

အပင်နှင့်သတ္တဝါတို့ ဘေးထွက်ပစ္စည်းမှ စွမ်းအင်ထုတ်ယူမည့် စက်ရုံ ဖင်လန်၌ ကမ္ဘာ့ပထမဆုံး တည်ဆောက်နေ



ဟယ်ဆင်စကီ မေ ၁၀

ကမ္ဘာပေါ်တွင် ပထမဆုံးအဖြစ် အပင်နှင့်သတ္တဝါတို့၏ ဘေးထွက်ပစ္စည်းမှ ထုတ်ယူမည့် စွမ်းအင်စက်ရုံတစ်ရုံကို ဖင်လန်နိုင်ငံတောင်ပိုင်း လက်တီမြို့တွင် စတင်တည်ဆောက်လျက်ရှိကြောင်း မေ ၁၀ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။ **(ယာပုံ)**

၎င်းစက်ရုံကို လက်တီစွမ်းအင်ကုမ္ပဏီက တည်ဆောက်ခြင်းဖြစ်ပြီး အပင်နှင့် သတ္တဝါတို့၏ ဘေးထွက်ပစ္စည်းကို နည်းပညာပြောင်းလဲမှုနှင့်အတူ စွမ်းအင်ထုတ်ယူနိုင်ရန် တည်ဆောက်ခြင်းဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ရုပ်ကြွင်းလောင်စာမှ စွမ်းအင်ထုတ်ယူမှုများဖြစ်သည့် ကျောက်မီးသွေးမှ စွမ်းအင်ထုတ်ယူမှုကို လျော့ကျစေမည်ဖြစ်သည်။ ထို့အတူ ရုပ်ကြွင်းလောင်စာထုတ်ယူမှုမှ ထွက်ပေါ်လာသော ကာဗွန်ဒိုင်အောက်ဆိုက်ထွက်ရှိမှုကိုလည်း လျော့ကျစေနိုင်မည်ဖြစ်သည်။ အပင်နှင့်သတ္တဝါတို့၏ ဘေးထွက်ပစ္စည်းများကို ပေါင်းစပ်ကာ နည်းပညာသုံး၍ အပူ၊ အအေးစနစ်များဖြင့် ဓာတ်ငွေ့များကို ရယူမည်ဖြစ်သည်။ ၎င်းစွမ်းအင်စက်ရုံကို အမေရိကန်ဒေါ်လာ ၂၀၈ သန်း အကုန်အကျခံကာ တည်ဆောက်မည်ဖြစ်ပြီး ဓာတ်အား မဂ္ဂါဝပ် ၅၀ ထုတ်ယူနိုင်မည့် စက်ရုံအဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။ **(အင်တာနက်)**

ပါကစ္စတန်အကြမ်းဖက်မှု အနည်းဆုံး ၁၃ ဦးသေဆုံး



အစ္စလမ္မာဘတ် မေ ၁၀

ပါကစ္စတန်နိုင်ငံတောင်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် အကြမ်းဖက်မှုများကြောင့် အနည်းဆုံး ၁၃ ဦးသေဆုံးပြီး အမျိုးသမီးများနှင့် ကလေးများအပါအဝင် အများအပြား ဒဏ်ရာရကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပါကစ္စတန်တောင်ပိုင်း ကရာချိမြို့၌ မေ ၉ ရက်က အကြမ်းဖက်တိုက်ခိုက်မှုတွင် အနည်းဆုံးခြောက်ဦးသေဆုံးကြောင်း အရာရှိများက ပြောကြားသည်။ **(ဝဲပုံ)**

တွေ့ရှိ

ထိုအတောအတွင်း ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ခိုင်ဘာဒေသ ဘာရာမြို့တွင်းမှ သေနတ်ကျည်ဆန်ဒဏ်ရာများဖြင့် သေဆုံးနေသူနှစ်ဦး၏ အလောင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက တွေ့ရှိသည်။

ခိုင်ဘာဒေသ တီရာချိုင့်ဝှမ်းတွင် အကြမ်းဖက်အုပ်စုနှစ်စုတိုက်ကြရာ၌ အနည်းဆုံးငါးဦးသေဆုံးသွားကြောင်း သိရသည်။ **(အင်တာနက်)**

ဖိလစ်ပိုင်နိုင်ငံတွင် စတိုးဆိုင်မီးလောင်၊ ဝန်ထမ်းအမျိုးသမီး ၁၈ ဦးသေဆုံး

မနီလာ မေ ၁၀

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ ကုန်ပဒေသာစတိုးဆိုင်ကြီးတစ်ဆိုင်တွင် မေ ၉ ရက် အစောပိုင်းက မီးလောင်မှုဖြစ်ပွားသဖြင့် သေဆုံးသူ ၁၈ ဦးရှိကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။ သေဆုံးသူများမှာ ထိုဆိုင်မှအမျိုးသမီးဝန်ထမ်းများဖြစ်ပြီး ဆိုင်အတွင်း ၎င်းတို့အိပ်ပျော်နေစဉ် မီးလောင်မှုဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ)**

လွတ်မြောက်ခဲ့

ဖိလစ်ပိုင်တောင်ပိုင်းကျွန်းဖြစ်သည့် မန်နာနာအိုတွင်တည်ရှိသော ဘူတန်မြို့ရှိ သုံးထပ်ကုန်ပဒေသာစတိုးဆိုင်ကြီးတွင် လောင်ခဲ့သည့် ယင်းမီးလောင်မှုအတွင်း လွတ်မြောက်ခဲ့သူသုံးဦးရှိကြောင်း၊ မီးလောင်မှုဖြစ်ပွားချိန်တွင် စတိုးဆိုင်အတွင်း၌ လူ ၂၁ ဦးရှိနေပြီး ထိုသူသုံးဦးမှာ ပြတင်းပေါက်မှ ခုန်ချနိုင်ခဲ့သဖြင့် လွတ်မြောက်ခဲ့ခြင်းဖြစ်ကြောင်း ရဲဝန်ထမ်းများက ပြောကြားသည်။

အဆောက်အအုံအတွင်း မီးခိုးလုံးကြီးများ ပျံ့နှံ့နေသဖြင့် မီးခိုးမွှန်ကာ လွတ်မြောက်ရန်မတတ်နိုင်ကြဘဲ ကံဆိုးသူ ၁၈ ဦး မီးလောင်မှုအတွင်း သေဆုံးခြင်းဖြစ်ကြောင်း ဒေသရဲဝန်ထမ်းများက ပြောကြားသည်။ ဆိုင်ဝန်ထမ်းအမျိုးသမီး ၂၁ ဦးတို့ ဒုတိယထပ်တွင် အိပ်ပျော်နေစဉ် ဆိုင်၏ပထမထပ်တွင် မီးစတင်လောင်ခဲ့ပြီး မီးခိုးငွေ့များဖုံးလွှမ်းပိတ်ဆီးနေသဖြင့် အရေးပေါ်ထွက်ပေါက်ကို ရှာမတွေ့ခဲ့ခြင်းဖြစ်ကြောင်း၊ မီးလောင်သည့်အကြောင်းအရင်းကို ယခုအချိန်ထိ စုံစမ်းသိရှိခြင်း မရှိကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

အီတလီသင်္ဘောပေါ်မှ မှောင်ခိုလက်နက်ပစ္စည်းများ လက်ဘနွန်စစ်တပ်သိမ်းဆည်း

ဘေရွတ် မေ ၁၀

လက်ဘနွန်နိုင်ငံ တောင်ပိုင်း ထရီပိုလီဆိပ်ကမ်းမြို့၌ ဆိုက်ကပ်သည့် အီတလီသင်္ဘောပေါ် **(ယာပုံ)**မှ လက်နက်ခဲယမ်းမီးကျောက်အများအပြားကို လက်ဘနွန်စစ်တပ်က သိမ်းဆည်းလိုက်သည်။

တွေ့ရ

အဆိုပါလက်နက်များကို သင်္ဘောပေါ်၌ တွေ့ရသည့် မော်တော်ယာဉ်နှစ်စီးပေါ် တင်ဆောင်ယူလာခြင်းဖြစ်ကြောင်း လက်ဘနွန်သတင်းစာများက မေ ၈ ရက်တွင် ဖော်ပြသည်။

ဆိုက်ရောက်

သင်္ဘောသည် ဂျာမနီနိုင်ငံမှအပြန် အီဂျစ်နိုင်ငံ အက်ဇန္ဒြီးယားမြို့မှတစ်ဆင့် ထရီပိုလီဆိပ်ကမ်းသို့ မေ ၇ ရက်ညက ဆိုက်ရောက်ကျောက်ချလိုက်ခြင်းဖြစ်သည်။

လက်ဘနွန်စစ်တပ်က မော်တော်ယာဉ်နှစ်စီးကိုသိမ်းပြီး လူအချို့ကိုလည်း ဖမ်းဆီးစစ်ဆေးနေသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၁၀-၅-၂၀၁၂

တင်မောင်လွင် – စုစည်းသည်

ဂျပန်နိုင်ငံ အိုင်ဘာရာကီစီရင်စု၌ လက်ဝတ်ရတနာအရောင်းဆိုင်ဖောက်ထွင်းခိုးယူခံရ

ဂျပန်နိုင်ငံ အိုင်ဘာရာကီစီရင်စု အိုင်ရှီအိုကာမြို့ရှိ အဖိုးတန်လက်ဝတ်ရတနာအရောင်းဆိုင်တစ်ဆိုင်မှ ယန်းသန်း ၃၀ (အမေရိကန်ဒေါ်လာ ၃၅၀၀၀၀)တန်ဖိုးရှိ အဖိုးတန်လက်ဝတ်ရတနာပစ္စည်းမျိုးစုံ ၂၀၀ ခန့်ကို မေ ၈ ရက်က ဖောက်ထွင်းခိုးယူခံခဲ့ရကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ပွားမှုမှာ ယင်းနေ့ ဒေသစံတော်ချိန် နံနက် ၄ နာရီခန့်က လူအချို့ အဆိုပါလက်ဝတ်ရတနာအရောင်းဆိုင်ရှိ မှန်ပြတင်းတံခါးများကို ရိုက်ခွဲနေကြောင်း ယင်းဆိုင်အနီးဝန်းကျင်၌ နေထိုင်သူတစ်ဦး၏ သတင်းပေးချက်အရ ဖြစ်ပွားရာနေရာသို့ ရဲတပ်ဖွဲ့ဝင်များ အပြေးအလွှားရောက်လာခဲ့သည်ဟုဆိုသည်။ သို့သော်လည်း ဆိုင်အပြင်ရှိ မှန်ပြတင်းတံခါးများကို ရိုက်ခွဲပြီး ဆိုင်အတွင်းမှ စိန်လက်စွပ်နှစ်ကွင်းအပါအဝင် အခြားအဖိုးတန်ကျောက်မျက်ရတနာပစ္စည်းမျိုးစုံ ၂၀၀ ခန့် ခိုးယူသွားသည်ကိုသာ တွေ့ခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ အခင်းဖြစ်ပွားရာနေရာ၌ အနက်ရောင်ကားတစ်စီးကို တွေ့မြင်လိုက်ရသည်ဟုလည်း ယင်းဆိုင်မန်နေဂျာတစ်ဦးက ပြောကြားခဲ့သည်။ ယင်းရာဇဝတ်မှုသည် ကြီးမားသောဖောက်ထွင်းခိုးယူမှုကြီးဖြစ်ပြီး အမြန်ဆုံးဖော်ထုတ်နိုင်ရန်အတွက် စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဇာဘိုင်ဂျန်နိုင်ငံ၌ ငလျင်ကြောင့် အိမ်ပေါင်းများစွာပျက်စီး

အဇာဘိုင်ဂျန်နိုင်ငံတွင် မေ ၈ ရက်က လှုပ်ခဲ့သည့် ၅ ဒသမ ၅ အဆင့်ရှိ ငလျင်ငယ်များ လှုပ်ခတ်မှုကြောင့် နေအိမ်အဆောက်အအုံ ၁၃၆၀ ပျက်စီးခဲ့ပြီး အခြားလူမှုရေးအဆောက်အအုံ ၂၀ ပျက်စီးခဲ့ကြောင်း အရေးပေါ်အခြေအနေဝန်ကြီးဌာနမှ ကမာလာဒင်ဟေဒီရတ်က ပြောကြားသည်။ ကနဦးအနေဖြင့် အဆိုပါငလျင်ငယ်လှုပ်ပြီးနောက် အိမ်ပေါင်းများစွာ ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းငလျင်လှုပ်ပြီး နောက်ပိုင်း ထိုသို့သောငလျင်ငယ် ငါးကြိမ်ဆင့်ကဲ လှုပ်မှုကြောင့် နေအိမ်များပိုမိုပျက်စီးခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အာဖဂန်အကြမ်းဖက်မှုအတွင်း အနည်းဆုံး ၁၂ ဦးသေဆုံး

အာဖဂန်နစ္စတန်နိုင်ငံအတွင်း သီးခြားအကြမ်းဖက်တိုက်ခိုက်မှုများတွင် ရဲတပ်ဖွဲ့ဝင်ခုနစ်ဦးအပါအဝင် အနည်းဆုံး လူ ၁၂ ဦးသေဆုံးကြောင်း မေ ၉ ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်း ဖာရာပြည်နယ် ခါအီးဆေဖစ်ခရိုင်တွင် မေ ၈ ရက် ညနေပိုင်းက ရဲကင်းလှည့်မော်တော်ယာဉ်ကို လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်ငါးဦးသေဆုံးခဲ့ကြောင်း ပြည်နယ်ပြည်သူ့ရဲတပ်ဖွဲ့ ဒုတိယအကြီးအကဲ ဂူလမ်ဂါဝပ်က ပြောကြားသည်။ အဆိုပါဗုံးခွဲတိုက်ခိုက်မှုတွင် ရဲတပ်ဖွဲ့ဝင်များ ဒဏ်ရာရပြီး ပညာရေးဌာနဝန်ထမ်းလေးဦးနှင့် အခြားတစ်ဦး သေဆုံးသွားသည်။ လိုဂါပြည်နယ်အတွင်း တာလီဘန်တို့ ချုံခိုတိုက်သဖြင့် ရဲအရာရှိနှစ်ဦးသေဆုံးခဲ့သည်။ (အင်တာနက်)

နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု

လူသားမျိုးနွယ်တစ်ခုလုံးကို ခြိမ်းခြောက်နေသည့် မူးယစ်ဆေးဝါးအန္တရာယ်

တိုး - ရေးသားသည်

မျက်မှောက်ကာလတွင် လူသားမျိုးနွယ်တစ်ခုလုံးကို ခြိမ်းခြောက်နေသည့် မူးယစ်ဆေးဝါးအန္တရာယ်ကို တိုက်ဖျက်ရန်မှာ ကုလသမဂ္ဂအဖွဲ့ကြီးနှင့် သက်ဆိုင်ရာ နိုင်ငံတကာအဖွဲ့များ၊ အင်န်ဂျီအိုများ၊ အစိုးရများနှင့် လူသားတိုင်း၏ တာဝန်ဖြစ်သည်။ ကမ္ဘာ့တစ်ဝန်းက အလိုအရှိဆုံးတရားခံပြေး ဘိန်းဘုရင်တစ်ဦးကို လက်ညှိုးထိုးပြပါဆိုလျှင် လက်တင်အမေရိကတိုက် မက္ကဆီကိုနိုင်ငံမှ ဂျိုကွင်းအယ်ချက်ပိုဂတ်မန်းကို ညွှန်ပြရပေမည်။

သြဇာအကြီးဆုံး

သူသည် မက္ကဆီကို၌ အထင်ရှားဆုံး ပစိဖိတ်(ခေါ်) ဆီနာလိုမူးယစ်မှောင်ခိုဂိုဏ်းနှင့်လော့စ်ဇီတပ် မူးယစ်မှောင်ခိုဂိုဏ်းနှစ်ခုအနက် ပစိဖိတ်(ခေါ်)ဆီနာလို မူးယစ်မှောင်ခိုဂိုဏ်း၏ ခေါင်းဆောင်ဖြစ်သည်။ ဆီနာလိုဂိုဏ်းသည် ကမ္ဘာ့အနောက်ခြမ်းတွင် သြဇာအကြီးဆုံးဒုစရိုက်ဂိုဏ်းဟု မကြာခဏ သတ်မှတ်ခေါ်ဝေါ်ကြသည်ကို တွေ့ရမည်ဖြစ်သည်။

ကမ္ဘာ့တစ်ဝန်းက အလိုရှိဆုံး တရားခံပြေး ဘိန်းဘုရင် ဂျိုကွင်းအယ်ချက်ပိုဂတ်မန်း။

အယ်ချက်ပို၏ဂိုဏ်းက အမေရိကန်နိုင်ငံအတွင်းသို့ ကိုကင်း၊ ဆေးခြောက်၊ မက်တာဖက်တမင်ဆေးများကို ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းဖြင့် တင်သွင်းမှုတို့ကို ထိန်းချုပ်လုပ်ကိုင်နေပြီး အခြားသောနိုင်ငံ ၅၀ နှင့်လည်း ဆက်သွယ်လှုပ်ရှားနေသည်ဟု ယုံကြည်ရသည်ဟု သတင်းများကဆို၏။

လက်တင်အမေရိကမှ အမေရိကန်နိုင်ငံအတွင်း မူးယစ်ဆေးဝါးမှောင်ခိုရောင်းချမှုကို ထိန်းချုပ်ထားသည့် ထိုမူးယစ်ဂိုဏ်းများ၏လုပ်ငန်းငွေကြေး လည်ပတ်မှုမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံဖိုးအထိရှိသည်။ အမေရိကန်နိုင်ငံ၌ သုံးစွဲသည့် ကိုကင်း ၉၀ ရာခိုင်နှုန်းမှာ မက္ကဆီကိုနိုင်ငံမှတစ်ဆင့် ဝင်လာခြင်းဖြစ်သည်။

သတင်းပေးသူ

မက္ကဆီကိုအစိုးရက ဘိန်းဘုရင်အယ်ချက်ပိုအား ၁၉၉၃ ခုနှစ်တွင် ထောင်ဒဏ်ချမှတ်သည်။ နောက်ရှစ်နှစ်အကြာတွင် လုံခြုံရေးတင်းကျပ်စွာချထားသည့်အထဲက ထောင်မှထွက်ပြေးလွတ်မြောက်သွားခဲ့၏။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဌာနက ၎င်းအား ဖမ်းမိရေးအတွက် သတင်းပေးသူကို ဆုငွေ ဒေါ်လာ ငါးသန်းပေးမည်ဟု ကြေညာထားသည်။

ထို့ပြင် အမေရိကန်နိုင်ငံက ဘိန်းဘုရင်အယ်ချက်ပို၏ သားနှစ်ဦးဖြစ်သူ အိုင်ဗန် အာချီဗာဒိုဂတ်မန်းနှင့် အိုဗီဒီယိုဂတ်မန်းတို့ နှစ်ဦးကိုလည်း ဘိန်းဘုရင်ဟူသောနာမည်ပျက်စာရင်းသို့သွင်းလိုက်ကြောင်း မေ ၉ ရက်က သတင်းတွင်ဖော်ပြပါရှိသည်။ အိုဗီဒီယိုဂတ်မန်းသည် သူ့ဖခင်၏လုပ်ငန်းတွင် အဓိကအခန်းမှ ပါဝင်ဆောင်ရွက်သူဖြစ်သည်။

အက်ဥပဒေ

အိုင်ဗန်အာချီ ဗာဒိုဂတ်မန်းမှာ ငွေမည်းကို တရားဝင်ဖြစ်အောင်လုပ်မှုဖြင့် မက္ကဆီကို၌ ၂၀၀၅ ခုနှစ်က အဖမ်းခံရသည်။ သို့သော် နောက်ပိုင်း လွတ်လာသည်။ အမေရိကန်နိုင်ငံ၏ နိုင်ငံခြားဘိန်းဘုရင် သတ်မှတ်ရေး အက်ဥပဒေအရ ဘိန်းဘုရင်အယ်ချက်ပို၏ ညီနှစ်ဦးကိုလည်း နာမည်ပျက် စာရင်းသွင်းလိုက်သည်။ ၎င်းတို့နှစ်ဦးကို မက္ကဆီကို အာဏာပိုင်များက ၂၀၁၁ ခုနှစ်တွင် ဖမ်းဆီးလိုက်သည်။ ယခုတိုင်ထိ ဖမ်းထားဆဲဖြစ်သည်။

ပြစ်ဒဏ်စီရင်

အဆိုပါ ဘိန်းဘုရင်အက်ဥပဒေအရ အမေရိကန်ကုမ္ပဏီများ၊ ဘဏ်များနှင့် နိုင်ငံသားတစ်ဦးချင်းအနေဖြင့် ဘိန်းဘုရင်များနှင့်မဆက်သွယ်ရန်တားမြစ်ထားသည်။ တားမြစ်သည့်ကြားမှပင် ၂၀၀၀ပြည့်နှစ် နောက်ပိုင်းဘိန်းဘုရင် ၉၄ဦးနှင့် ဆက်သွယ်သည့် အမေရိကန် တစ်ဦးချင်းနှင့်ကုမ္ပဏီပေါင်း ၁၀၀၀ကျော်ရှိသည်။ ဥပဒေနှင့် ငြိစွန်းပါက ထောင်ဒဏ်အနှစ် ၃၀ အထိနှင့် ဒဏ်ငွေ ဒေါ်လာ ၁၀သန်းအထိ ပြစ်ဒဏ်စီရင်ခံရမည်ဖြစ်သည်။

ကမ္ဘာ့အနောက်ခြမ်းတွင် သြဇာအကြီးဆုံး မူးယစ်ဒုစရိုက်မှောင်ခိုဂိုဏ်း ဆီနာလိုဂိုဏ်းသားအချို့အား ဖမ်းဆီးမိစဉ်။

မက္ကဆီကို သမ္မတဖိလစ်ဘာလ်ဒရွန်သည် ၂၀၀၆ခုနှစ် ဒီဇင်ဘာလမှစ၍ မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းများကို နှိမ်နင်းလာခဲ့သည်မှာ လူထောင်ပေါင်းများစွာသေဆုံးခဲ့ရသည်။ ၂၀၁၂ ခုနှစ်သည် မက္ကဆီကိုနိုင်ငံမှာရော အိမ်နီးချင်း အမေရိကန်နိုင်ငံမှာပါ ရွေးကောက်ပွဲကျင်းပမည့်နှစ်ဖြစ်သည်။

ရွေးကောက်ပွဲမဲဆွယ်

အမေရိကန်နိုင်ငံ၌ နိုဝင်ဘာလတွင် သမ္မတရွေးကောက်ပွဲကျင်းပမည်ဆိုသော်လည်း ထုံးစံအရ ရီပတ်ပလီကင်ပါတီ သမ္မတဟောင်းအတွက် ယခုအခါ အခြေခံဆွေးနွေးပွဲများကျင်းပနေပြီး ဒီမိုကရက်တစ်ပါတီမှ သမ္မတအိုဘားမားပြန်လည်အရွေးခံရန် မေ ၅ ရက်မှ စတင်၍ ရွေးကောက်ပွဲမဲဆွယ်မှုများ ပြုလုပ်နေပြီဖြစ်သည်။ မက္ကဆီကို ရွေးကောက်ပွဲမှာ ၂၀၁၂ခုနှစ် ဇူလိုင်လတွင်ဖြစ်သဖြင့် အာဏာရနေရှင်နယ်အက်ရှင်ပါတီ (ပီအေအင်န်) အနေဖြင့် တရားခံပြေး ဘိန်းဘုရင်အယ်ချက်ပိုကို ဖမ်းမိရေးမှာ လောလောဆယ်ပို၍အရေးကြီးနေသည်။

ထောက်ပံ့မည့်အစီအစဉ်

ရာဇဝတ်မှုများတိုက်ဖျက်ရေးအတွက်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ထောက်ပံ့မည့်အစီအစဉ်တစ်ခုကို အမေရိကန်၊ မက္ကဆီကို၊ အမေရိကအလယ်ပိုင်းနိုင်ငံများ၊ ဟေတီနှင့် ဒိုမီနီကန်သမ္မတနိုင်ငံတို့က ချမှတ်ဆောင်ရွက်သည်။

မက္ကဆီကိုနှင့် အမေရိကန်တို့က ပိုက်စိပ်တိုက်ရှာဖွေနေသည်ဖြစ်ရာ တရားခံပြေး ဘိန်းဘုရင်အယ်ချက်ပိုတစ်ယောက်ပြေးနိုင်ပါမှ လွတ်မည်ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း

ဇော်ဦးခိုင်-ရေးသားသည်

ကိုယ်အောက်ပိုင်းသေနေသူ စက်ရုပ်ဝတ်စုံဖြင့် လန်ဒန်မာရသွန်ပြိုင်ပွဲတွင် ပန်းဝင်

လန်ဒန် မေ ၁၀

ဗြိတိန်နိုင်ငံတွင်ကျင်းပသည့် လန်ဒန်မာရသွန်ပြိုင်ပွဲတွင် ကိုယ်တစ်ပိုင်းသေနေသူအမျိုးသမီးတစ်ဦးသည် စက်ရုပ်ဝတ်စုံ (Bionic Suit) ဝတ်ဆင်လျက် ဝင်ရောက်ယှဉ်ပြိုင်ပြီး ခရီးဆုံးပန်းတိုင်ရောက်သည်အထိ ပထမဆုံး ယှဉ်ပြိုင်နိုင်ခဲ့သူ တစ်ဦးဖြစ်ခဲ့သည်။

အသက် ၃၂ နှစ်အရွယ်ရှိ ကိုယ်အောက်ပိုင်းသေနေသူ ကလီယာလိုမက်စ်သည် ပြိုင်ပွဲဝင် ၃၆၀၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် မာရသွန်ပြိုင်ပွဲစတင်ပြီး ၁၆ ရက်အကြာ မေ ၈ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် ပန်းဝင်ခဲ့ခြင်းဖြစ်သည်။ **(အောက်ပုံ)**

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရသည့် ကလီယာ၏ရည်ရွယ်ချက်မှာ ကျောရိုးအာရုံကြောမကြီး သုတေသနလုပ်ငန်းအတွက် ရန်ပုံငွေပေါင်ရှစ်သောင်းခန့် မတည်ပေးလိုသည့် စေတနာကြောင့်ဖြစ်သည်။

ထိုစေတနာအရင်းခံကာ ၄၂ ဒသမ ၂ ကီလိုမီတာအကွာအဝေးပြေးရသော မာရသွန်ပြိုင်ပွဲကို ပန်းဝင်သည်အထိ ယှဉ်ပြိုင်ခဲ့သည်။ စက်ရုပ်ဝတ်စုံ အကူအညီဖြင့် ပြိုင်ပွဲတွင် တစ်နေ့ကို နှစ်မိုင်နီးပါး မရမနေလျှောက်လှမ်းကာ အားခဲယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ ကလီယာပြိုင်ပွဲဝင်နေသည့်ကာလတစ်လျှောက် သူ၏ ခင်ပွန်းသည်၊ မိခင်ဖြစ်သူနှင့် သူ၏သမီးငယ်လေးတို့ကလည်း အဖော်သဟဲပြုကာလိုက်ပါပေးခဲ့ကြသည်။ မေ ၈ ရက်တွင် မာရသွန်ပြိုင်ပွဲ၌ ပန်းဝင်လာနိုင်သည့် ကလီယာကို လာရောက်ကြည့်ရှုနေကြသူများက လက်ခုပ်လက်ဝါးတီးကာ အားပေးကြသော်လည်း ပွဲစီစဉ်သူများအတွက်မူ ပြိုင်ပွဲစည်းမျဉ်းအရ ခေါင်းခြောက်စရာဖြစ်စေခဲ့သည်။

ဝေဖန်မှု

ပန်းဝင်သည်အထိ ပြေးနိုင်သော်လည်း ယှဉ်ပြိုင်သူများနှင့် တစ်နေ့တည်းပန်းဝင်နိုင်ခြင်းမရှိသည်ကဆုတော်ငွေချီးမြှင့်သင့်မသင့်ဆိုကာ ပွဲစီစဉ်သူများအပေါ်ဝေဖန်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

ကိုယ်တစ်ပိုင်းသေနေသော်လည်း မွန်မြတ်သည့်စေတနာနှင့် အင်တိုက်အားတိုက် မာရသွန်ပြိုင်ပွဲဝင်ခဲ့သူ ကလီယာသည် ၂၀၀၇ ခုနှစ်အတွင်းက မတော်တဆအဖြစ်ဆိုးကြုံကာ ယခုကဲ့သို့ ကိုယ်တစ်ပိုင်းသေသွားခြင်းဖြစ်သည်။ ထိုအချိန်က မြင်းစီးရာမှ ပြုတ်ကျခဲ့ခြင်းကြောင့် ကျောရိုးနှင့် လည်ပင်းရိုးကျိုးသွားပြီး ကိုယ်အောက်ပိုင်းသေသွားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

အသားစားပန်းပင် နှစ်ပင် ပန်းပွင့်များ ပွင့်လန်းလာတော့မည်

နယူးယောက် မေ ၁၀

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်း အွန်တာရီရိုမြို့တွင်းရှိ နီယာဂါရာပန်းမန်ဥယျာဉ်ပြခန်းတွင် အသားစား Titan Arum ပန်းပင်နှစ်ပင်မှ အလွန်ပွင့်နိုင်ခဲသော ရှားပါးပန်းပွင့်နှစ်ပွင့် ပွင့်ဝေလာတော့မည်ဖြစ်ကြောင်း ပြခန်းမန်နေဂျာ ဂျုန်းကောနယ်လ္လိုက်စ်က မေ ၉ ရက်တွင် ပြောကြားသည်။

ပြောကြား

ကမ္ဘာပေါ်တွင် အမြင့်ဆုံးပန်းပင်များဖြစ်သည်ဟု သတ်မှတ်ထားသောအပင်များမှ ပွင့်လာမည့် ရှားပါးပန်းပွင့်နှစ်ပွင့်တွင် တစ်ပွင့်သည် အချိန်မရွေး ပွင့်လန်းလာဖို့ရှိနေကြောင်း၊ နောက်ပန်းပွင့်တစ်ပွင့်မှာ ၁၀ ရက်အတွင်း ပွင့်လာလိမ့်မည်ဟု မျှော်လင့်ထားကြောင်း မန်နေဂျာဂျုန်းက သတင်းဌာနသို့ ပြောကြားသည်။

ပန်းပွင့်များဖြာဝေလာတော့မည့် ထိုအသားစားပန်းပင်ကြီးနှစ်ပင်သည် အလေးချိန်ပေါင်၁၅၀ခန့်ရှိပြီး သက်တမ်းခြောက်နှစ်ခန့်ရှိပြီ ဖြစ်သည်။ နယူးဟမ့်ရှိုင်းယားမှ အလှူရှင်တစ်ဦးက ပြခန်းသို့ လာရောက်ပေးလှူထားသော ပန်းပင်များဖြစ်သည်။ အပင်၏ဥများမှာ ပေါင် ၂၅၀ အထိ ရှိနိုင်သော ပန်းပင်များဖြစ်သည်။

ကြွေသွားစမြဲ

ထိုအပင်မျိုးမှာ ပန်းပွင့်သည့်အခါ အနည်းဆုံးသုံးရက်မှ လေးရက်အထိသာပွင့်လန်းပြီးနောက်ပိုင်းတွင် ညှိုးကျကာ ကြွေသွားစမြဲဖြစ်သည်။ ထို့နောက်တွင် အရွက်တစ်ရွက် ထွက်လာပြီး ထိုအရွက်မှာ ကိုးလမှ ဆယ်လအထိခံသည့် အရွက်ဖြစ်သည်။ အပင်၏ သစ်ဥများ ပိုမိုကြီးထွားရေးအတွက် ထိုအရွက်ကဖြည့်ဆည်းပေးသည်။ ထိုအသားစားအပင်ပန်းပွင့်ချိန်တွင် အင်းဆက်ပိုးမွှားများကို သွေးဆောင်သည့် အသားညှီပုပ်နံ့ထုတ်လွှတ်ကာ လာရောက်ခိုတွယ်သည့် တိရစ္ဆာန်ပိုးမွှားတို့ကို ဖမ်းယူစားသောက်သောအပင်မျိုး ဖြစ်သည်။ **(အင်တာနက်)**

အင်ဒိုနီးရှားတွင် မီးတောင်ချော်ရည်များ စီးဆင်း ငါးဦးသေဆုံး ၂၀ ကျော်ပျောက်ဆုံးလျက်ရှိ

ဂျကာတာ မေ ၁၀

အင်ဒိုနီးရှားနိုင်ငံတွင် ချော်ရည်စီးဆင်းပျော်ကျမှုတစ်ရပ်ဖြစ်ပွားရာ လူငါးဦးသေဆုံးကြောင်း၊ ဆယ်ဦးမှာ ပျောက်ဆုံးလျက်ရှိပြီး ထိခိုက်ဒဏ်ရာရသူ ၂၀ ခန့်ရှိကြောင်း ဒေသတာဝန်ရှိသူများက ပြောကြားသည်။

နိုင်ငံ၏အရှေ့ပိုင်း မာလူကုပြည်နယ်မြောက်ပိုင်းရှိ ဂါမာလာမာတောင်ရှိ မီးတောင်မှ ချော်ရည်နှင့်ပြာမှုန်များသည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တိုက်စားစီးဆင်းခဲ့ပြီး အနီးဝန်းကျင်မြို့ဖြစ်သော တာနာတီမြို့၌ အဆိုပါသဘာဝဘေး ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ယင်းဖြစ်ရပ်သည် မေ ၉ ရက် ဒေသစံတော်ချိန် နံနက် ၂ နာရီဝန်းကျင်ကဖြစ်ပွားခဲ့ကြောင်း၊ ပြိုကျပျက်စီးသည့် အိမ်ပေါင်း ၂၅ အိမ်ရှိကြောင်း၊ အတော်အသင့် ထိခိုက်ပျက်စီးခဲ့သည့် အိမ်ခြေမှာလည်း ၃၀ နီးပါးရှိပြီး ယင်းသဘာဝဘေးကြောင့် ပျက်စီးမှုအနည်းအကျဉ်းရှိခဲ့သည့် အိမ်များမှာ ၁၀၀ ကျော်ရှိကြောင်း ပြည်နယ် သဘာဝဘေးဆိုင်ရာစီမံရေးရာဌာနက ဆင်ဟွာသို့ပြောကြားသည်။ သေဆုံးသူငါးဦးတွင် ကိုးနှစ်အရွယ် ကလေးငယ်တစ်ဦးလည်းပါဝင်ပြီး ပျောက်ဆုံးနေသူများအား ရှာဖွေနေဆဲဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ အဆိုပါ သဘာဝဘေးကြောင့် ဒေသခံပြည်သူ ၃၀၀ နီးပါးခန့်ကို စာသင်ကျောင်းနှင့် အစိုးရဌာနပိုင် အဆောက်အအုံတို့တွင် ပြောင်းရွှေ့နေရာချထားရကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

(အင်တာနက်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား အာရှဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၀

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား အာရှဖွံ့ဖြိုးရေးဘဏ် (Asia Development Bank) မှ Director-General, Mr. Kunio Senga နှင့်အဖွဲ့သည် ယနေ့ညနေ ၅ နာရီ မိနစ် ၂၀တွင် အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားသယ်ပို့ဖြန့်ဖြူးရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသမီးရရှိရေး ကိစ္စရပ်များအတွက် ဆောင်ရွက်ရမည့် စီမံကိန်းများဖြစ်သည့် ရန်ကုန်မြို့၏ ဓာတ်အားဖြန့်ဖြူးမှုစနစ်အား ပြင်ဆင်မွမ်းမံရေး၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံနှင့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတို့ တည်ဆောက်၍ တိုးတက်လိုအပ်လာသော ဓာတ်အားသုံးစွဲမှုအား ဖြည့်ဆည်းပေးရေးနှင့် မြန်မာနိုင်ငံဓာတ်အားစနစ်အတွက် ၅၀၀ ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်းများအပေါ် အာရှဖွံ့ဖြိုးရေးဘဏ်၏ သုံးသပ်လေ့လာမှုကိုလည်းကောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ အကူအညီပေးနိုင်မည့် စီမံကိန်းများ ရွေးချယ်မှုအတွက် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အလေးမပြိုင်ပွဲ၌ အောင်မြင်မှုရရှိစေရေးအတွက် လစဉ်အလေးမ စံချိန်စမ်းပြိုင်ပွဲတွင် စံချိန်စံညွှန်းကောင်းသော အလေးမအားကစားသမားအား အထူးဂုဏ်ပြုဆုပေးအပ်စဉ်။

(အလေးမအဖွဲ့ချုပ်)

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အလေးမပြိုင်ပွဲ၌ အောင်မြင်မှုရရှိစေရေး စံချိန်စံညွှန်းကောင်းသော အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် မေ ၁၀

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အလေးမပြိုင်ပွဲ၌ အောင်မြင်မှုရရှိစေရေးအတွက် လစဉ်အလေးမစံချိန်စမ်းပြိုင်ပွဲများတွင် စိတ်အားထက်သန်စွာဖြင့် အားကြိုးမာန်တက်ပါဝင်ယှဉ်ပြိုင်သူများ၊ စံချိန်စံညွှန်းကောင်းသည့် စံချိန်ရှင်များအား အထူးဂုဏ်ပြုဆုချီးမြှင့်သည့် အခမ်းအနားကို မေ ၅ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ (အလေးမ အားကစားသမားများ ရှာဖွေရေး/ လေ့ကျင့်ရေး/ ပြိုင်ပွဲ အောင်နိုင်ရေးဆပ်ကော်မတီ) ဦးကျော်အောင်စိုးက လစဉ်အလေးမ လက်ရည်စမ်းပြိုင်ပွဲများတွင် စိတ်အားထက်သန်စွာဖြင့် အားကြိုးမာန်တက်ပါဝင်ယှဉ်ပြိုင်သူများ၊ စံချိန်စံညွှန်းကောင်းသော စံချိန်ရှင်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ချစ် (စီမံရေးရာနှင့် နိုင်ငံတကာဆက်ဆံရေး ဆပ်ကော်မတီ)က ဖြည့်စွက်၍ ရှင်းလင်းအကြံပြုဆွေးနွေးတင်ပြသည်။

ထို့နောက် ဧပြီလ လစဉ်အလေးမ စံချိန်စမ်းပြိုင်ပွဲ၌ စံချိန်စံညွှန်းကောင်းသော အလေးမအားကစားသမားများအား အထူးဂုဏ်ပြုဆုများကို မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်ချစ်နှင့် ဦးကျော်အောင်စိုးတို့က ပေးအပ်ချီးမြှင့်ကြကြောင်းသိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌအား Maruhan Japan Bank မှ ဧည့်အဖွဲ့တွေ့ဆုံ

နေပြည်တော် မေ ၁၀

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းအား Maruhan Japan Bank မှ Chief Admin Officer, Mr. Asuna TAJIKA နှင့်အဖွဲ့သည် မေ ၉ ရက် ညနေပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)** Maruhan Japan Bank အနေဖြင့် မြန်မာနိုင်ငံတွင် နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးခွဲ ဖွင့်လှစ်ရန်ကိစ္စနှင့် မြန်မာနိုင်ငံဘဏ်လုပ်ငန်းကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့်ဌာနကြီးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ASIA PACIFIC JUNIOR GOLF CHAMPIONSHIP ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၁၀

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ကကြီးမှူး၍ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် 33rd ASIA PACIFIC JUNIOR GOLF CHAMPIONSHIP 2012 ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၁၅ ရက်မှ ၁၈ ရက်အထိ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်ဂေါက်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲကို သက်တန်းအလိုက် ကျင်းပမည်ဖြစ်ပြီး သက်တန်း (၁၅-၁၇)နှစ်ကို GROUP (A)၊ သက်တန်း (၁၃-၁၄)နှစ်ကို GROUP (B)၊ သက်တန်း (၁၁-၁၂)နှစ်ကို GROUP (C)၊ သက်တန်း (၁၀)နှစ်အောက်ကို GROUP(D) ဟူ၍ သက်တန်းလေးတန်း ခွဲခြားယှဉ်ပြိုင်မည်ဖြစ်သည်။

ပြိုင်ပွဲတွင် မြန်မာအပါအဝင် ဖိလစ်ပိုင်၊ ထိုင်း၊ ဟောင်ကောင်၊ အိန္ဒိယနှင့် မလေးရှားအသင်းတို့မှ လူငယ်ဂေါက်သီးရိုက် အားကစားသမားများ လာရောက်ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲတွင် Co- Sponsors များအဖြစ် Pun Hlaing Golf Club, Higer Bus (Myanmar), Elite Express, Srixon, Alpine (Purified Drinking Water) နှင့် EVENT MANAGEMENT အဖြစ် HAN Golf Masters Pte., Ltd. တို့က ကူညီပံ့ပိုးကြသည်။ ယင်းပြိုင်ပွဲနှင့် စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက HAN EVENT MANAGEMENT ဖုန်း-၀၁-၆၅၁၃၇၄ နှင့် ၀၉-၂၀၃၇၆၇၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရှိရသည်။ **(မြန်မာ့အလင်း)**

▲ *ရှေ့ဖုံးမှ*

ယခုအခါ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းနေသည့် မြစ်သာမြစ်ကိုပိတ်၍ ရေလှောင်တမံတစ်ခု တည်ဆောက်နေသည်။ ထိုတမံမှာ မြစ်သာရေလှောင်တမံစီမံကိန်း ဖြစ်သည်။ မြစ်သာမြစ် ရေလှောင်တမံ စီမံကိန်းသို့ သတင်းခရီးသည် သွားရောက်လေ့လာဖြစ်ခဲ့သည်။

မြစ်သာမြစ် ရေလှောင်တမံစီမံကိန်းသို့ သတင်းခရီးသည် ပခုက္ကူမှတစ်ဆင့် သွားရောက်လေ့လာခြင်း ဖြစ်သည်။ ပခုက္ကူမှ ကမ္မအထိ ကားလမ်းဘေးတွင် အညာဒေသသင်္ကေတများဖြစ်သော ထနောင်းပင်၊ တမာပင်၊မန်ကျည်းပင်များကို တွေ့ရသည်။ ကမ္မမှအထွက်တွင် တက်မတောင်ကို စတင်တွေ့ရသည်။ တက်မတောင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောဌာနမှ ယူကလစ်ပင်များ စိုက်ထားသည်ကို တွေ့ရသည်။ ပခုက္ကူနှင့် ပေါက်မြို့မှာ ၄၇ မိုင်ဝေးသည်။ အညာဒေသ၏ အမှတ်လက္ခဏာများဖြစ်သော ချောင်းများကို ဖြတ်ရသည်။ ချောင်းကြီး၊ ချောင်းလတ်၊ ချောင်းငယ်၊ ရေမရှိသောချောင်း၊ ရေရှိသောချောင်း ပေါင်းများစွာကို ဖြတ်သန်းရသည်။ ပေါက်မြို့အဝင်နှင့် ပေါက်မြို့အထွက်တွင် ပေါက်မြို့၏ ချောင်းကြီးက ဝိုင်းရံထားသည်။ ပေါက်မြို့အဝင်တွင် မဲဇလီပင်တန်းရှည်ကြီးက လမ်းဘေးဝဲယာတွင် ထူးခြားစွာ ပေါက်ရောက်နေသည်ကို တွေ့ရသည်။

ပေါက်မှတစ်ဆင့် ထီးလင်းသို့သွားရသည်။ ပေါက်မြို့နှင့် ထီးလင်းမြို့မှာ ၃၁ မိုင်ကွာဝေးသည်။ ပေါက်နှင့်ထီးလင်းကြားတွင် နာမည်ကြီး ပုံတောင်၊ ပုံညာတောင်ကြီးများရှိသည်။ ပေါက်နှင့် ထီးလင်းကြားမှာ တောင်တက်လမ်းဖြစ်သည်။ တောင်တန်းကြီးများကို ကွေ့လိုက်၊ ပတ်လိုက်၊ တက်လိုက်၊ ဆင်းလိုက်နှင့် အကွေ့အကောက်များစွာ ဖြတ်သန်းရသည်။ ပုံတောင်ပုံညာတွင် မြန်မာ့ရတနာတန်းဝင် ကျွန်းသစ်များကို သစ်ဆိပ်များတွင် စုပုံထားသည်ကို တွေ့ရသည်။ ဂျစ်ကားမောင်းသူ အောင်ကိုမင်းကလည်း တောင်တက်တောင် ဆင်းကို ကျွမ်းကျင်ပိုင်နိုင်စွာ မောင်းနှင်နိုင်သည်။ ပထမဆုံး ပုံတောင်ကို စတက်ရသည်။

ပုံတောင်တောင်ကြီးမှာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၂၀၀ မြင့်သည်ဟု သိရသည်။ ပုံတောင်တောင်အဆင်းတွင် ကျောက်ထုမြို့ကို တွေ့ရသည်။

ကျောက်ထုအလွန်တွင် ပုံညာတောင်ကို စတက်ရသည်။ ပုံတောင်နှင့် ပုံညာတောင်များတွင် ဝါးတောများကို အများဆုံးတွေ့ရသည်။ ထီးလင်းနှင့် ဂန့်ဂေါမှာ ၃၁ မိုင်ဝေးသည်။ ထီးလင်းမှ ဂန့်ဂေါကားလမ်းအတိုင်းလာရာ ဂန့်ဂေါလမ်းခွဲမှ တစ်ဆင့် တမံလမ်းအတိုင်းလာခဲ့ရသည်။ ဂန့်ဂေါလမ်းခွဲမှ ဆည်သို့ ၁၃ မိုင်ဝေးသည်။ နံနက် ၆ နာရီတွင် ပခုက္ကူမှ ထွက်ခဲ့ရာ မြစ်သာရေလှောင်တမံသို့ ညနေ ၃ နာရီခွဲမှ ရောက်သည်။ ပခုက္ကူ-ဂန့်ဂေါ မိုင် ၁၂၀ ဝေးသော်လည်း တောင်တက်လမ်းဖြစ်၍ ၈ နာရီကြာ ကားမောင်းရသည်။ မြစ်သာရေလှောင်တမံ ဧည့်ရိပ်သာအဝင်မှ AE ဦးကျော်ဝေဖြိုးအောင်နှင့် ဦးစီးဦးဟန်စိန်တို့က ဝမ်းပန်းတသာ လှိုက်လှဲစွာ ကြိုဆိုကြသည်။

မြစ်သာရေလှောင်တမံတည်နေရာသည် မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် ပြင်သာကျေးရွာ အနီးတွင် မြစ်သာမြစ်ကို တမံပိတ်၍ တည်ဆောက်နေခြင်းဖြစ်သည်။ ရေဆင်းဧရိယာမှာ စတုရန်းမိုင် ၇၀၀၊ နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၇၀ လက်မ၊ နှစ်စဉ်ပျမ်းမျှ စီးဝင်ရေ ဧက ပေ၁၃၁၀၀၀၀၊ တမံအမျိုးအစားမှာ မြေသားတမံ(ဇုန်အမျိုးအစား) တမံအမြင့် ၂၀၅ ပေ၊ တမံအလျားပေ ၃၀၀၅၀၊ ပင်မတမံ ပေ၂၆၀၀၊ ကုန်းချောတမံ (တစ်ခု) ပေ ၂၇၄၅၀၊ တမံထိပ်အမြင့် RL ပေ၁၀၃၀၊ ကန်ရေပြည့်အမှတ် RL ပေ ၁၀၁၀၊ ကန်ရေသေအမှတ် RL ၉၃၂ ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏ ပေ ၃၇၇၆၀၀၊ ကန်ရေသေ ရေလှောင်ပမာဏ ပေ ၇၀၈၀၀၊ ကန်ရေပြည့် ရေပြင်ကျယ် ဧရိယာ ၅၇၈၈ ဧက၊ ရေလွှဲမြောင်းအလျား ပေ ၁၂၅၀၀၊ အကျယ် ပေ ၁၂၀နှင့် ပေ ၆၀၊ ရေပိုလွှဲ အမျိုးအစား သံကူကွန်ကရစ် (DUCK BILL TYPE) အကျယ် ၁၃၁၂ ပေ၊ ရေအားလျှပ်စစ်ရေထုတ်ပြွန် အရွယ်အစား အချင်း ၁၉ ပေ၊ ရေအားလျှပ်စစ်တပ်ဆင်ဓာတ်အား ၄၀ မဂ္ဂါဝပ် (၂၀ မဂ္ဂါဝပ် × ၂ လုံး) နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်မည့် လျှပ်စစ်စွမ်းအား ကီလိုဝပ်နာရီ သန်းပေါင်း ၁၇၀ ဆည်ရေပေးနိုင်မည့်ဧရိယာ ဧက ၁၂၀၀၀ ဖြစ်သည်။

မြစ်သာရေလှောင်တမံစီမံကိန်းကို ၂၀၀၂ ခုနှစ်က စတင်တည်ဆောက်ခဲ့သည်။ ကြိုတင်ပြင်ဆင်သည့်လုပ်ငန်းများဖြစ်သည့် အဆောက်အအုံဆောက်လုပ်ခြင်း၊ တမံချဉ်းကပ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများကို ၂၀၀၃ ခုနှစ် ဩဂုတ်လက စတင်ဆောင်ရွက်ခဲ့သည်။ ထီးလင်း-ဂန့်ဂေါလမ်းခွဲမှ မောချောင်းတံတား (ကဇွန်းဒေါင့်)ကို လည်းကောင်း၊ မောချောင်းတံတား (ကဇွန်းဒေါင့်)မှ တမံသို့ ၁၃ မိုင် ကားလမ်း ဖောက်လုပ်ခဲ့သည်။



မြစ်သာရေလှောင်တမံစီမံကိန်းမှ ရေပိုလွှဲလုပ်ငန်းဆောင်ရွက်နေစဉ်။

မြစ်သာရေလှောင်တမံ စီမံကိန်းကို လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်နီ ဦးဆောင်၍ ကာယ၊ ဉာဏ လုပ်သားကြီးများနှင့် စက်ယန္တရားများ အပါအဝင် အင်တိုက်အားတိုက် နေ့မအား၊ ညမနား တည်ဆောက်နေကြသည်။ ပင်မတမံတည်ဆောက်ခြင်းလုပ်ငန်းတွင် ဘူမိဗေဒဆိုင်ရာ စူးစမ်း လေ့လာမှုများဆောင်ရွက်ပြီး တမံအောက်ခြေလုပ်ငန်း ရှင်းလင်းခြင်းနှင့် ပင်မတမံသပ်ကျင်းတူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ပင်မတမံအောက် ခြေရှင်းလင်းခြင်း ၁၀၅၉၀၁ ကျင်းနှင့် ပင်မတမံသပ်ကျင်း တူးဖော်ခြင်းလုပ်ငန်း ၄၃၈၇၆ ကျင်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

အလျားပေ ၂၇၄၅၀ ရှိသော ကုန်းကျောတမံ မြေဖို့ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ယနေ့အထိ မြေကြီးလုပ်ငန်းစုစုပေါင်း ၂၄၁၄၀၄၆ကျင်း ပြီးစီးနေပြီး ဆက်လက်လုပ်ကိုင်လျက်ရှိသည်။ ကျောက်စီလုပ်ငန်းကို မြေဖို့ပြီးစီး သည်အထိ လုပ်ကိုင်ခဲ့ရာ ယနေ့အထိ၁၉၆၁၃၇ကျင်း ဆောင်ရွက်ပြီးဖြစ်သည်။

ရေလွှဲမြောင်းကူးတံတားကို သံကူကွန်ကရစ်ဖြင့် တည်ဆောက်ပြီးဖြစ်သည်။ ရေလွှဲမြောင်းမြေကြီးလုပ်ငန်းများမှာ ရာနှုန်းပြည့်ပြီးစီးနေပြီး ဒီဇိုင်းပုံစံအရ ကွန်ကရစ်လိုင်နင်နှင့် လိုအပ်သောနေရာများတွင် ကျောက်စီခြင်း၊ မြစ်ကျောက်စရစ်ခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နေသည်။ ရေအားလျှပ်စစ်ဆိုင်ရာ အဆောက်အအုံကွန်ကရစ်လောင်းခြင်းလုပ်ငန်းကို ၅၁၀ ကျင်းဆောင်ရွက်ပြီး မြေတူးခြင်းလုပ်ငန်းစုစုပေါင်း ၁၀၈၀၈၇ကျင်း တူးပြီးဖြစ်သည်။

မြစ်သာရေလှောင်တမံစီမံကိန်းကို သတ်မှတ်ကာလအတွင်း ပြီးစီးရန်အတွက် စက်ယန္တရားကြီး ၃၆၇ စီးဖြင့် နေ့စဉ်စီမံဆောင်ရွက်နေသည်။ မြစ်သာရေလှောင်တမံ စီမံကိန်းသည် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ပြီးစီးမည်ဖြစ်ပြီး ဂန့်ဂေါမြို့နယ်အတွင်းရှိ ပြင်သာ၊ မင်းရွာ၊ ဖက်ဝန်း၊ ချောင်းနက်၊ ပန်းထိပ်၊ ခေါက်ခူ၊ ဝက်ချီပါ၊ အောင်မြင်၊ မကျည်းခင်၊ တောင်ပြင်၊ ရှုံးရှိ၊ အနောက်ဂန့်ဂေါ၊ ဇဟောနှင့် တောဖို့ကျေးရွာများမှ လယ်ယာမြေဧက ၁၂၀၀၀ ကျော် ဆည်ရေရရှိမည်ဖြစ်သည်။ စိုက်ပျိုးသီးနှံများ အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်မည်ဖြစ်၍ ဒေသဖွံ့ဖြိုးရေး၊ ဒေသတွင်း စိမ်းလန်းစိုပြည်ရေးနှင့် ကျေးရွာများ လျှပ်စစ်မီးရရှိကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ကျေးရွာများအဖြစ်သို့ မကြာမီကာလအတွင်း ရောက်ရှိတော့မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

တောင်ငူမြို့ သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး၏အကြိမ်(၂၀)မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် စေတီတော်မြတ်ကြီးသို့ ရွှေသင်္ကန်းကပ်လှူရန် ငွေပဒေသာပင် ကျပ်သိန်း ၃၀၀ ကို ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ်မှ အလှူရှင်ဦးလှမြင့်(ခ) ဦးရာပုံနှင့် ညီမဒေါ်တင်အေးရီတို့က ပေးအပ်လှူဒါန်းရာ ရွှေဆံတော်ဂေါပကအဖွဲ့ဝင်များ လက်ခံယူစဉ်။ (ခရိုင် ပြန်/ဆက်)

ကျေးရွာမီးလင်းရေး ဓာတ်အားခွဲရုံဖွင့်

ဖြူး မေ ၁၀

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ချင်းခင်ကျေးရွာအုပ်စု သပြေလှစံပြကျေးရွာတွင် ကျေးရွာမီးလင်းရေးအတွက် ကိုယ့်အားကိုယ်ကိုးကျေးရွာလျှပ်စစ်မီးရရှိရေး (၁၆၀ KVA) ဓာတ်အားခွဲရုံဖွင့်ပွဲအခမ်းအနားကို မေ ၅ ရက်က ကျင်းပရာ တိုင်းဒေသကြီး စက်မှုလက်မှုနှင့်လျှပ်စစ်ဝန်ကြီး ဦးဘေဘီအုန်းက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာမှူးကြီး ဦးကိုကိုနိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြသိန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မိုးက မီးရရှိရေး ဆောင်ရွက်ရခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

◆ *ကျောဖုံးမှ*

အဆိုပါမီးတောင်ချိုင့်ဝှမ်းကြီး၏ ပတ်လည်အနားသတ်တစ်လျှောက်တွင်ရှိသော ကျောက်တုံးများကို အော်ပို့ကျူနတီယာဉ်ကသုတေသနပြုခဲ့ရာတွင် ဇင့်ဓာတ်များ လွန်ကဲစွာ ပါဝင်ဖြစ်တည်လျက်ရှိကြောင်း တွေ့ရှိရသည်။ ၎င်းမီးတောင်ချိုင့်ဝှမ်းကြီးသည် တစ်ချိန်ကအလွန်ပြင်းထန်သော မီးတောင်ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပေါ်ခဲ့ပြီး ကျောက်တုံး၊ ကျောက်ခဲများလွင့်ပျံထွက်ခဲ့ကြောင်း၊ ယင်းဖြစ်ရပ်မှာ လွန်ခဲ့သော နှစ်ငါးသန်းခန့်ကဖြစ်ကြောင်း နာဆာသုတေသနပညာရှင်များက ပြောကြားသည်။ ထိုမီးတောင်ချိုင့်ဝှမ်းကိုလေ့လာရန် နာဆာကလွှတ်တင်ထားသော စပရစ်အမည်ရှိ လေ့လာရေးယာဉ်လည်း အော်ပို့ကျူနတီယာဉ်နှင့်ပူးတွဲကာ လေ့လာလျက်ရှိသည်ဟု နာဆာက ဖော်ပြသည်။ **(အင်တာနက်)**

တိုင်းဒေသကြီးနှင့် ပြည်နယ်ကလပ်ပေါင်းစုံ Pencak Silat တံခွန်စိုက်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် မေ ၁၀

မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် ၂၀၁၂ ခုနှစ်၊ ပထမအကြိမ် တိုင်းဒေသကြီးနှင့် ပြည်နယ် ကလပ်ပေါင်းစုံ Pencak Silat တံခွန်စိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားခန်းမ၌ ကျင်းပသည်။

ဗိုလ်လုပွဲများအဖြစ် အမျိုးသား/အမျိုးသမီး (၅၀-၅၅) ကီလိုတန်းပြိုင်ပွဲများ ကျင်းပခဲ့ပြီး ဆုပေးပွဲများကို ဆက်လက်ကျင်းပရာ အမျိုးသမီး (၄၀-၄၅)၊ (၄၅-၅၀)၊ (၅၀-၅၅)နှင့် (၅၅-၆၀) ကီလိုတန်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ အမျိုးသား (၄၅-၅၀)၊ (၅၀-၅၅)နှင့် (၅၅-၆၀) ကီလိုတန်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာ့သိုင်းသင်တန်းကျောင်းအုပ်ကြီးနှင့် အမှုဆောင်များနှင့် တွဲဖက်အတွင်းရေးမှူးတို့က ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယရဲမှူးကြီးတင်လှိုင်က အမျိုးသား (၆၀-၆၅) ကီလိုတန်းပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ယွပ်ဆိုင်အိန့်က အသင်းလိုက်တံခွန်စိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ဒဂုံမင်းစစ်နိုင်ပင်မအသင်းအား ဆုငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိသော သိုင်းသင်တန်းကျောင်းအသင်းအား ဆုငွေ ကျပ်နှစ်သိန်းနှင့် တတိယဆုရရှိသော အားကစားနှင့် ကာယပညာသိပ္ပံအသင်းအား ဆုငွေကျပ်တစ်သိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမြင့်က အကောင်းဆုံးအားကစားသမားဆုရ ပြည့်အောင်(ဒဂုံမင်းစစ်နိုင်)အား ဆုတံဆိပ်နှင့် ဆုငွေကျပ်တစ်သိန်းကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပထမတံခွန်စိုက်ဒိုင်းရရှိသော ဒဂုံမင်းစစ်နိုင်ပင်မအသင်းအား တံခွန်စိုက်ဒိုင်း ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြန်မာ့အလင်း)**

အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားလျက်ရှိသော လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၏ အရှေ့ဘက်ပရိဝုဏ် ခြံစည်းရိုးကို သံပန်း၊ အုတ်တံတိုင်းများဖြင့် တည်ဆောက်လျက်ရှိရာ ဧပြီ ၂၈ရက်က ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (အဝေးပြေး)နှင့် ဝန်ထမ်းမိသားစုများ စုပေါင်းအလှူငွေကျပ် သိန်း၉၀ကို ကော်မတီ အတွင်းရေးမှူး ဦးကံမြင့်က ပေးအပ်လှူဒါန်းသဖြင့် ဂေါပကအဖွဲ့ ဥက္ကဋ္ဌဦးရွှေကျော် နှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

* *ကျောဖုံးမှ*

နှိုင်းယှဉ်ကြည့်ရာ ယခုတွေ့ရှိသည့်ရေတွင် ပလတ်စတစ်မှုန်များ အလွန်များပြားနေသည်ကို တွေ့ရှိခဲ့ရသည်။

"ကျွန်တော်တို့အနေနဲ့ ယခုလောက် ပမာဏများများကြီး တွေ့ရမယ်လို့ မမျှော်လင့်မိခဲ့ပါဘူး"ဟု ခရစ်သုတေသနပညာရှင် မီရီယန်ဂိုးလ်စတိန်းက ပြောကြားသည်။

"သင် မြောက်ပစိဖိတ်သမုဒ္ဒရာကို အလည်အပတ်သွားရောက်တဲ့အခါ ဒီပလတ်စတစ်မှုန်တွေ ရေထဲမှာ အများအပြားတွေ့ရမှာပါ"ဟုလည်း သူမက ပြောကြားသည်။

ရေမနစ်ဘဲ သမုဒ္ဒရာအတွင်း ရောက်ရှိသွားသော ပလတ်စတစ်ကြွပ်ကြွပ်အိတ်အားလုံးသည် ဖြည်းဖြည်းချင်း အပိုင်းပိုင်းပြတ်ထွက်သွားရာမှ သေးငယ်သောအမှုန်များအဖြစ် ပြောင်းလဲရောက်ရှိသွားသည်။

နေဒဏ်နှင့် လှိုင်းပုတ်ဒဏ်ကြောင့် အပိုင်းအစများအဖြစ်သို့ ရောက်ရှိသွားခြင်းဖြစ်သည်။ ထိုအပိုင်းအစများ ရေသတ္တဝါတို့စားမိရာမှ မမျှော်လင့်သော အကျိုးဆက်များ ဖြစ်လာနိုင်ကြောင်း ခရစ်သုတေသနအဖွဲ့ကြီးက သတိပေးထားသည်။

ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ငါးများသည် နှစ်စဉ် ပလတ်စတစ်တန်ချိန် ၁၂၀၀၀ မှ ၂၄၀၀၀ အထိ ဝါးမျိုစားသောက်မိနေကြောင်း သုတေသနအဖွဲ့က လေ့လာတွေ့ရှိထားသည်။ **(အင်တာနက်)**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ကောင်းမြတ်သူ - စုစည်းသည်

အဆိုတော်ဂျပ်စတင်ဘီဘာစာမေးပွဲအောင် အမေ့ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ခဲ့

လော့စ်အိန်ဂျလိစ် မေ ၁၀

ကမ္ဘာကျော်ဆယ်ကျော်သက် အဆိုတော်လေး ဂျပ်စတင်ဘီဘာဟာ အမေတစ်ခုသားတစ်ခုဘဝကို ရုန်းကန်ကြိုးစားရင်း အောင်မြင်လာတဲ့ အဆိုတော်ဖြစ်ပါတယ်။

ဂျပ်စတင်ဘီဘာရဲ့ ဖခင်ဂျယ်ရီမီဘီဘာဟာ ဂျက်စတင်ဘီဘာကို မွေးဖွားပြီးမကြာမီမှာ နောက်အိမ်ထောင် ပြုသွားခဲ့ပါတယ်။ သူဟာ နောက်အိမ်ထောင်နဲ့ သားသမီးနှစ်ယောက်ရှိပါတယ်။ ဂျပ်စတင်ဘီဘာရဲ့ မိခင် ပတ်တီမော်လက်တေးဟာ ဂျယ်ရီမီဘီဘာရဲ့ စွန့်ပစ်ခြင်းကိုခံရပြီးနောက် ဘဝကို သားဖြစ်သူနဲ့အတူ ရုန်းကန်ကြိုးစားခဲ့ရပါတယ်။ (ဝဲပုံ)

ယခုအခါမှာတော့ အသက် ၁၈ နှစ်သာရှိသေးတဲ့ ဂျပ်စတင်ဘီဘာဟာ ကမ္ဘာကျော်အဆိုတော်တစ်ဦးဖြစ်သလို သန်းကြွယ်သူဌေးလေးလည်း ဖြစ်နေပါပြီ။ ဒါ့အပြင် ဂျပ်စတင်ဘီဘာဟာ အခြေခံပညာအထက်တန်းအဆင့်လည်း အောင်မြင်သွားပြီလို့ ဆိုပါတယ်။

"ဘာပဲဖြစ်ဖြစ် ကျွန်တော်အထက်တန်းအဆင့်အောင်သွားလို့ အရမ်းလွတ်လပ်သွားပါပြီ။ အမေဖြစ်ချင်တဲ့ဆန္ဒအတိုင်း ကျွန်တော်စာမေးပွဲကိုအောင်ဖို့ အတော်ကြိုးစားခဲ့ပါတယ်။ ယခုတော့ အမေ့ဆန္ဒကို ဖြည့်ဆည်းပေးနိုင်တဲ့အတွက် အရမ်းဝမ်းသာမိပါတယ်။ နောင်လည်း ပညာရေးနဲ့ပတ်သက်ပြီး ဆက်လက်ကြိုးစားသွားမှာပါ" လို့ အဆိုတော် ဂျပ်စတင်ဘီဘာက ဩစတြေးလျနိုင်ငံမှာရှိတဲ့ ဒေးလီးတယ်လီဂရပ်ကို ပြောပါတယ်။ *(အင်တာနက်)*

မိုက်ကယ်ဂျက်ဆင်ရဲ့အယ်လ်ဘမ်ထက် အဒေလီရဲ့အယ်လ်ဘမ် ရောင်းအားကောင်း

လန်ဒန် မေ ၁၀

*အဆိုတော်အဒေလီ **(ယာပုံ)**ရဲ့ ဒုတိယမြောက်အယ်လ်ဘမ်ဖြစ်တဲ့ 21 ဟာ အဆိုတော် မိုက်ကယ်ဂျက်ဆင်ရဲ့ Thriller ထက် ရောင်းအားအကောင်းဆုံးစံချိန် ကျော်လွန်ခဲ့ပါတယ်။*

အဒေလီရဲ့ ဒီအယ်လ်ဘမ်ဟာ ယူကေမှာ တေးအယ်လ်ဘမ်အချပ်ပေါင်း ၄၂၇၄၃၀၀ အထိ ရောင်းချခဲ့ရပါတယ်။ ၁၉၈၂ ခုနှစ်က ထွက်ရှိခဲ့တဲ့ မိုက်ကယ်ဂျက်ဆင်ရဲ့တေးအယ်လ်ဘမ်ဖြစ်တဲ့ Thriller ထက် အချပ်ရေ ၅၀၀ ကျော် ပိုရောင်းရတယ်လို့ ဆိုပါတယ်။

အဒေလီရဲ့ 21လို့ အမည်ရတဲ့ အယ်လ်ဘမ်ဟာ လွန်ခဲ့တဲ့လေးပတ်အတွင်း တစ်ပတ်ကိုအချပ်ရေပျမ်းမျှ ၂၀၀၀၀ နှုန်းနဲ့ ရောင်းချခဲ့ရပါတယ်။ မိုက်ကယ်ဂျက်ဆင်ရဲ့ Thriller အယ်လ်ဘမ်ဟာ ကမ္ဘာ့ဂီတသမိုင်းမှာ ရောင်းအားအကောင်းဆုံးအယ်လ်ဘမ်တစ်ချပ် ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့်လည်း ဗြိတိသျှအဆိုတော်အဒေလီက ဒီအရောင်းရဆုံးစံချိန်ကို ချိုးလိုက်ပြီဖြစ်ပါတယ်။ အဆိုတော်မိုက်ကယ်ဂျက်ဆင်ရဲ့ Thriller တေးအယ်လ်ဘမ်ဟာ လူသာသေပေမယ့် နာမည်မသေသေးတဲ့အတွက် ရောင်းအားအကောင်းဆုံးစံချိန်မှာ ရှိနေဆဲဖြစ်ပါတယ်။ ဒီတေးအယ်လ်ဘမ်ဟာ ကမ္ဘာတစ်ဝန်းခန့်မှန်းခြေသန်း ၇၀ အထိ ရောင်းပြီးပြီလို့ ဆိုပါတယ်။ ***(အင်တာနက်)***



အဆိုတော် ရီဟန်နား

အဆိုတော် ရီဟန်နား ပွဲဆက်တွေများ ပင်ပန်းသွားသဖြင့် ဆေးရုံတင်သွေးသွင်း

နယူးယောက် မေ ၁၀

အဆိုတော် ရီဟန်နားတစ်ယောက် ပွဲဆက်တွေများပြီး ပင်ပန်းသွားတဲ့အတွက် မေ ၈ ရက် ညပိုင်းက နယူးယောက်မြို့မှာ ဖျော်ဖြေတဲ့ပွဲအပြီး ဆေးရုံတင်ပို့လိုက်ရတယ်လို့ အနုပညာအသိုင်းအဝိုင်းမှ သိရပါတယ်။

အသက် ၂၄ နှစ်ရှိတဲ့ အဆိုတော်ရီဟန်နား သွေးသွင်းနေတဲ့ ဓာတ်ပုံတစ်ပုံကို မေ ၉ ရက်က Twitter ဝက်ဘ်ဆိုက်မှာ တွေ့ရပါတယ်။ သူမနေထိုင်မကောင်းဘူးလို့ ပြောဆိုသံတွေတော့ သတင်းဖော်ပြတာမရှိပါဘူး။ ဒါပေမယ့်လည်း ပွဲဆက်တွေများပြီး ပင်ပန်းသွားတဲ့အတွက် သွေးသွင်းခဲ့ရတယ်လို့ ဆိုပါတယ်။

စတင်ဖျော်ဖြေ

အဆိုတော် ရီဟန်နားတစ်ယောက် သူ့ရဲ့နောက်ဆုံးထွက်တဲ့ တေးအယ်လ်ဘမ် ဖြစ်တဲ့ Talk That Talk ပရိုမိုးရှင်းလုပ်တဲ့အနေနဲ့ ပွဲတွေဆက်တိုက်ဖျော်ဖြေခဲ့ပါတယ်။ ဒါကြောင့်လည်း သူမဟာ အိပ်ပျက်များပြီး ဆေးရုံတက်ခဲ့ရတယ်လို့ဆိုပါတယ်။ အဆိုတော် ရီဟန်နားဟာ ဆေးရုံတက်သွေးသွင်းခဲ့ရတယ်ဆိုပေမယ့် ဆိုးဆိုးရွားရွား ကျန်းမာရေးမကောင်းတာမဟုတ်ပါဘူးလို့ ဆိုပါတယ်။ ဒါကြောင့်လည်း အမေရိကန် ရှိုးပွဲတွေပြီးရင် ဥရောပတစ်ခွင် လှည့်လည်ဖျော်ဖြေဖို့ စီစဉ်ထားပါတယ်။ သူမဟာ ဇွန်လကုန်မှာ နော်ဝေနိုင်ငံ အော်စလိုမြို့မှာ စတင်ဖျော်ဖြေဖို့ စီစဉ်ထားကြောင်း သိရပါတယ်။ **(အင်တာနက်)**

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား Qatar Airways အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၀

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား Qatar Airways မှ East Asia & South West Pacific, Senior Vice-President Mr. Robert Yang၊ မြန်မာ၊ ကမ္ဘောဒီးယားနှင့်ထိုင်းနိုင်ငံအခြေစိုက် မန်နေဂျာ Mr. Joegendra Charies Rajadurai နှင့်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲတွင် Qatar လေကြောင်းလိုင်းက ၂၀၁၂ ခုနှစ် အောက်တိုဘာ ၃ ရက်မှစ၍ A-319, A-320 လေယာဉ်များဖြင့် ဒိုဟာ-ရန်ကုန်-ဒိုဟာခရီးစဉ်အား တစ်ပတ်လျှင်သုံးကြိမ် ပျံသန်းပြေးဆွဲပေးမည်ဖြစ်ပြီး အောက်တိုဘာ ၂၈ ရက်မှစတင်၍ နေ့စဉ်ပျံသန်းမှု ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဈေးကွက်မြင့်မားလာပါက B-777လေယာဉ်များဖြင့် ပြေးဆွဲနိုင်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

ဆွေးနွေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက Qatar လေကြောင်းလိုင်း၏ ဒိုဟာ-ရန်ကုန်-ဒိုဟာခရီးစဉ် ပြန်လည်ပျံသန်းပြေးဆွဲပေးမည့် အစီအစဉ်ကို ဝမ်းမြောက်စွာကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ တိုးတက်မြင့်မားရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ရည်မှန်းချက်များချမှတ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ Qatar လေကြောင်းလိုင်းအနေဖြင့်လည်း ငပလီ(သံတွဲ)၊ ဟဲဟိုး၊ ပုဂံခရီးစဉ်ဒေသများသို့ တိုက်ရိုက်ပျံသန်းပြေးဆွဲပေးနိုင်ရေး ဆောင်ရွက်နိုင်ရန် အကြံပြုဆွေးနွေးလိုကြောင်း ဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဌေးအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ရုံးအဖွဲ့မှူးနှင့် ဌာနဆိုင်ရာ တာဝန်ခံအရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့် ဆိတ်ညံ့လျှပ်စစ်မြစ်ရေတင်လုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဆီမီးခုံဆိပ်ကမ်း တည်ဆောက်မည့်နေရာနှင့် ဆိတ်ညံ့လျှပ်စစ်မြစ်ရေတင်လုပ်ငန်းစစ်ဆေး

နေပြည်တော် မေ ၁၀

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်သည် မေ ၇ ရက် မွန်းလွဲပိုင်းက မြင်းခြံမြို့နယ် ဆီမီးခုံစံပြကျေးရွာအနီးရှိ ဆီမီးခုံဆိပ်ကမ်းတည်ဆောက်မည့်နေရာကိုကြည့်ရှုပြီး ဆီမီးခုံ၊ ငှါနန်းနှင့် ညောင်ပင်သာကျေးရွာများမှ ဒေသခံများနှင့်တွေ့ဆုံ၍ မြင်းခြံ၊ ငါန်းဇွန်နယ်မြေ၌ ဆီမီးခုံဆိပ်ကမ်းတည်ဆောက်ခြင်း၊ စက်မှုဇုန်တည်ဆောက်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ရာ ဒေသခံပြည်သူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိလာမည်ဖြစ်သည့်အပြင် ဒေသလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆိတ်ညံ့ကျေးရွာအနီးရှိ ဆိတ်ညံ့လျှပ်စစ်မြစ်ရေတင်လုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေပိုမိုရရှိရေးနှင့် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း အစဉ်တည်တံ့ခိုင်မြဲရေးအတွက် မြစ်ကမ်းပါးကာကွယ်ရေးထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

နေပြည်တော် မေ ၁၀

မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲကို မေ ၉ ရက် နံနက် ၉ နာရီက မော်လမြိုင်မြို့ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်းက ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုများ၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ တီဘီဆရာဝန်ကြီး ဒေါက်တာဝင်းနိုင်က တီဘီရောဂါတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းဆောင်ရွက်မှုများ၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့အဖွဲ့ဝင်ဒေါ်ကင်ထွေးက မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၌ တင်ပြခဲ့သော မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ ၂၀၁၁ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် အစည်းအဝေး၌ ချမှတ်ခဲ့သော ဆုံးဖြတ်ချက် (၃)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၁၇)ရပ်တို့ကို တင်ပြကြသည်။

ဆက်လက်၍ ခရိုင်နှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများက ရှေ့လုပ်ငန်းစဉ်များကိုရှင်းလင်းတင်ပြကြရာ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင်က တင်ပြချက်များအပေါ် သုံးသပ်ဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ အန္တရာယ်ရှိသော ကိုယ်ဝန်ဆောင်များအား အရေးပေါ်ညွှန်းပို့နိုင်ရန် ထောက်ပံ့ပေးခဲ့သည့် ငွေများကို ပြည်နယ်အတွင်းရှိ သားဖွားခန်းတစ်ခန်းလျှင် ငွေကျပ်တစ်သိန်းစီဖြင့် သားဖွားခန်းခြောက်ခန်းအတွက် ငွေကျပ်ခြောက်သိန်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများသည် ကမ်းလွန်နှင့် ကုန်းတွင်းသဘာဝဓာတ်ငွေ့ရရှိမှုနှင့် အညီဓာတ်အားထုတ်လုပ်ပေးလျက်ရှိပါသည်။ ရတနာကမ်းလွန် သဘာဝဓာတ်ငွေ့တွင်းအနီးတွင် ဆောင်ရွက်လျက်ရှိသော တွင်းသစ်တူးဖော်ခြင်းလုပ်ငန်းသည် လက်ရှိအသုံးပြုနေသော သဘာဝဓာတ်ငွေ့တွင်း၏ သဲကြောလွှာကို ဖြတ်သန်းနေစဉ်အတွင်း သဘာဝဓာတ်ငွေ့ထုတ်ယူခြင်းကို ခေတ္တရပ်ဆိုင်းထားရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှော်ကားသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရွှေတောင်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများသို့ ဓာတ်ငွေ့ရရှိမှုသည် မေ ၁၁ ရက် နံနက် ၅ နာရီမှ မေ ၁၄ ရက် ည ၁၂ နာရီအထိ လျော့နည်းသွားမည်ဖြစ်ပြီး ဓာတ်အားထုတ်လုပ်နိုင်မှု ၁၀၀ မဂ္ဂါဝပ်ခန့် လျော့နည်းလျက်ရှိမည်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမှုအား ထိန်းညှိလျှော့ချထားမည်ဖြစ်ပါကြောင်းအသိပေးနှိုးဆော်အပ်ပါသည်။ **မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

MRTV-4

၁၁-၅-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၅:၂၀	MRTV -4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၃၂)
၁၁:၂၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၄)
၂:၀၀	MRTV -4 သတင်း
၃:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၁၈)
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၃၂)
၅:၂၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၄)
၆:၀၀	MRTV -4 သတင်း
၆:၁၅	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၁၉)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်**(အပိုင်း-၃၃)
၁၁:၀၅	MRTV -4ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၅)

မြောက်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၁၀

ယနေ့နံနက် ၉ နာရီခွဲမိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၆ ဒီဂရီ စင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်များမှာ မော်လိုက်မြို့၊ ကလေးဝမြို့၊ မုံရွာမြို့၊ ညောင်ဦးမြို့နှင့် ချောက်မြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မိုင်းဆတ်မြို့တွင် ၁ ဒသမ ၉၃ လက်မ၊ လွိုင်လင်မြို့တွင် ၁ ဒသမ ၅၀ လက်မ၊ ကျောက်ထုမြို့တွင် ၁ ဒသမ ၃၇လက်မ၊ သထုံမြို့တွင် ၀ ဒသမ ၉၁ လက်မနှင့် နမ့်စန်မြို့တွင် ၀ ဒသမ ၇၉ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ်(၂၆/၂၀၁၂)

၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
(၂၀၁၂ ခုနှစ်၊မေလ ၁၀ ရက်)

တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ (T.N.D.P) အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက်၊ ၄၀×၄၁၊ ၆၇×၆၈လမ်းကြား၊ ကံ့ကော်လမ်း၊ အမှတ်(ခ-၁/၇၀ခ)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ (T.N.D.P) အား ၂၀၁၂ ခုနှစ် မေလ ၁၀ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ (T.N.D.P) ၏ မှတ်ပုံတင်အမှတ်မှာ (၅၃)ဖြစ်ပါသည်။

အမိန့်အရ

ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့ ဧရာဦးခန်းမ၌ မေ ၁ ရက်က အလုပ်သမားနေ့အခမ်းအနားကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သည့် အလုပ်သမားနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသန်းဖတ်ကြားစဉ်။ (မြို့နယ် ထွေ/အုပ်)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် သင်တန်းဖွင့်ပွဲများတက်ရောက်

နေပြည်တော် မေ ၁၀

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုသည် မေ ၆ ရက် မွန်းလွဲပိုင်းတွင် မြိတ်မြို့ ပြည့်ဖြိုးထွန်းအိမ်ရာမြေဖော်ထုတ်ရေးစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုပြီး တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကံသာကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညအား ဖူးမြော်ကန်တော့၍ ကျောင်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံ

မေ ၇ ရက် နံနက် ၉ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန မြိတ်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၃၁)နှင့် အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၆၀) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ကော့သောင်းမြို့သို့ ရောက်ရှိပြီး အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၃၂) နှင့် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၆၁) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် ကော့သောင်းမြို့နယ်မဥ္ဇူသကခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သီရိပျံချီ ဦးထွန်းနေလင်းအား ဘရာဇီးသံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် မေ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သီရိပျံချီ ဦးထွန်းနေလင်းအား ဘရာဇီးဖယ်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှုဦးဆောင်ကော်မတီအောက်ရှိ သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီနှင့် အခြားပူးပေါင်းဆောင်ရွက်ရမည့် ဆပ်ကော်မတီများ၏ ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီနှင့် အခြားပူးပေါင်းဆောင်ရွက်ရမည့် ဆပ်ကော်မတီများ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၀

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှုဦးဆောင်ကော်မတီအောက်ရှိ သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီနှင့် အခြားပူးပေါင်းဆောင်ရွက်ရမည့် ဆပ်ကော်မတီများ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဦးဆောင်ကော်မတီ အတွင်းရေးမှူး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းရေး ပြောကြားသည်။

ထို့နောက် သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီဒုတိယဥက္ကဋ္ဌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီအနေဖြင့် ပြိုင်ပွဲမကျင်းပမီ ဖွင့်ပွဲ/ပိတ်ပွဲအတွက် လေ့ကျင့်မှုများ၊ ပြိုင်ပွဲဝင်နိုင်ငံများအား ကြိုဆိုရေးနှင့် ပြိုင်ပွဲကာလအတွင်း နိုင်ငံအလိုက် အားကစားသမား၊ ဒိုင်/ဂျူရီ၊ ဖိတ်ကြားခံပုဂ္ဂိုလ်များနှင့် ပွဲကြည့်ပရိသတ်များအတွက် မော်တော်ယာဉ်လိုအပ်ချက်များနှင့် လျာထားဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေး ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က လေ့ကျင့်ရေးအဖွဲ့၊ အလံကိုင်အဖွဲ့၊ ဘင်ခရာအဖွဲ့၊ နည်းပြဆရာအဖွဲ့၊ အထောက်အကူပြုအဖွဲ့နှင့် အုပ်ချုပ်မှုအဖွဲ့ စသည့် အင်အား ၃၅၀၀ ကျော်တို့အတွက် ပြိုင်ပွဲမတိုင်မီကာလနှင့် ပြိုင်ပွဲကာလအတွင်း သုံးစွဲရန် လိုအပ်မည့် မော်တော်ယာဉ်အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ ဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၊ ဆက်သွယ်ရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆို ဆက်သွယ်ဆက်ဆံရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများနှင့် အစည်းအဝေးတက်ရောက်လာသူများက ကဏ္ဍအလိုက် လိုအပ်ချက်များကို တင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကလေးမြို့၌ အခွန်ပညာပေးဆွေးနွေးပွဲကျင်းပ

ကလေး မေ ၁၀

ပြည်တွင်းအခွန်များဦးစီးဌာန၏ လစာဝင်ငွေခွန်ဆိုင်ရာပညာပေးရှင်းလင်းပွဲကို ဧပြီ ၂၇ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အဆိုပါ ရှင်းလင်းပွဲတွင် ကလေးမြို့ အခွန်ဦးစီးဌာနမှူး ဦးမြင့်ဝေက လစာဝင်ငွေအပေါ် အခွန်စည်းကြပ်ထမ်းဆောင်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး **(အပေါ်ပုံ)** တက်ရောက်လာသူများက မိမိတို့၏သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်အခွန်ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

၂၀၁၂ ခုနှစ် မုတ်သုံရာသီ ယေဘုယျခန့်မှန်းချက်အား သုံးသပ်ခြင်း

ကျော်လွင်ဦး(မိုး/ဇလ)

ရာသီဥတုနှင့် မိုးလေဝသဖြစ်စဉ်များသည် အချိန်နှင့်လိုက်၍ ပြောင်းလဲနေကြရာ မုတ်သုံရာသီနှစ်မျိုးအနက် သိသာထင်ရှားပြီး အရေးပါသော မြန်မာနိုင်ငံ၏ အနောက်တောင် မုတ်သုံရာသီလေသည်လည်း မကြာမီကာလအတွင်း ရောက်ရှိလာတော့မည်ဖြစ်သည်။ မုတ်သုံရာသီလေ၏ မိုးရွာသွန်းမှု အနည်း၊ အများ၊ အချိန်ကာလကြာမြင့်မှု၊ မုတ်သုံမုန်တိုင်းများ ဖြစ်ပေါ်မှုနှင့် မုတ်သုံလေအားပြတ်မှု စသည့် အချက်များသည် စိုက်ပျိုးရေး၊ ပို့ဆောင်ရေး၊ စွမ်းအင်ထုတ်လုပ်မှု၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှုနှင့် အခြားစီးပွားရေးလုပ်ငန်းများအတွက် အလွန်အရေးပါသဖြင့် မျှော်မှန်းထားသည့် ၂၀၁၂ ခုနှစ်အတွက် အနောက်တောင်မုတ်သုံလေဆိုင်ရာ ခန့်မှန်းချက်အား သုံးသပ်တင်ပြလိုပါသည်။

မုတ်သုံမိုးလေဝသဖြစ်စဉ်

မြန်မာနိုင်ငံနှင့် အနီးပတ်ဝန်းကျင်ဒေသများ၏ အနောက်တောင် မုတ်သုံလေရရှိမှုသည် ကျယ်ပြန့်သော အိန္ဒိယသမုဒ္ဒရာ တောင်ပိုင်းမှ နေရောင်ခြည်ရရှိမှု အပူ၊ အအေး၊ လေဖိအား အနည်း၊ အများ ပြောင်းလဲဖြစ်ပေါ်ရာမှတစ်ဆင့် အနောက်တောင်လေများ တိုက်ခတ်လာခြင်းသာဖြစ်ပြီး ရေခိုးရေငွေ့များ သယ်ဆောင်လာရမှုကြောင့် မုတ်သုံလေမှ အဖိုးတန်သည့် မုတ်သုံမိုးများ ရရှိလာခြင်းဖြစ်ပြီး နွေမုတ်သုံဟုလည်း မိုးလေဝသနယ်ပယ်တွင် အရေးပါသော ဘာသာရပ်တစ်ခုအဖြစ် ရပ်တည်နေသည်။ ရှေးအခါက မုတ်သုံလေသည် လေဖိအားအပြောင်းအလဲကြောင့်သာ အဓိကကျသည်ဟု ယူဆခဲ့ကြသော်လည်း ယခုအခါ မုတ်သုံလေသည် သမုဒ္ဒရာ၊ ပင်လယ်ရေမျက်နှာပြင် အပူချိန် အတက်၊ အကျ၊ အယ်လ်နီညို၊ လာနီညာ၊ သမပိုင်းဒေသမှ ဆောင်းရာသီ ဆီးနှင်းထုပမာဏ၊ အရှေ့၊ အနောက်ကမ္ဘာခြမ်းဒေသများရှိ လေထုဖိအား အပြောင်းအလဲများ၊ အပူပိုင်းအီကွေတာဒေသနှင့် သမပိုင်းဇုန်ဒေသများရှိ အထက်လေထုအတွင်း စီးမျောလျက်ရှိသည့် လေကြောင်းများ၏ စည်းမှန်ပြောင်းလဲမှုများနှင့် စနစ်တကျဆက်စပ်မှုရှိကြောင်း ခေတ်မီမုတ်သုံခန့်မှန်းရေးလုပ်ငန်းများတွင် အသုံးချလာကြသည်ကို တွေ့ရှိရသည်။ မုတ်သုံလေ၏ အရေးကြီးဆုံး ထူးခြားသည့်စရိုက်တစ်ခုမှာ အချိန်မှန်တိုက်ခတ်လေ့ရှိခြင်းဖြစ်သည့်အတွက် မုတ်သုံလေကို အားပြုရသည့်ဒေသများအတွက် သဘာဝ၏ လက်ဆောင်မွန်တစ်ခုလည်း ဖြစ်သည်ဟု ဆိုနိုင်သည်။

၂၀၁၂ ခုနှစ် မုတ်သုံရာသီအပေါ် တောင်အာရှဒေသမှ သုံးသပ်ချက်

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာမှ ရာသီဥတုခန့်မှန်းချက်ထုတ်ပြန်သည့် ဗဟိုဌာနများအနေဖြင့်လည်း ရာသီဥတုခန့်မှန်းချက်များ ပိုမိုပံ့ပိုးပေးခြင်းဖြင့် ဒေသဆိုင်ရာနိုင်ငံများအတွက် အကျိုးကျေးဇူးများ ရရှိနိုင်သဖြင့် ရက်လတ်၊ ရက်ရှည်၊ ရာသီဥတုခန့်မှန်းချက်များကို သက်ဆိုင်ရာနိုင်ငံအသီးသီးရှိ အမျိုးသားမိုးလေဝသဗဟိုဌာနများသို့ ဖြန့်ဝေထုတ်ပြန်ပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံ မိုး/ဇလ ဌာနအနေဖြင့် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၏ အစီအစဉ်ဖြင့် ထုတ်ပြန်ပေးလျက်ရှိသော အမေရိကန်၊ အင်္ဂလန်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ထုတ်ပြန်သောခန့်မှန်းချက်များကို လက်ရှိအခြေအနေများဖြင့် နှိုင်းယှဉ်သုံးသပ်လျက် အသုံးပြုလျက်ရှိပါသည်။ မကြာသေးမီကာလအတွင်း ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် အိန္ဒိယနိုင်ငံ၊ မိုးလေဝသဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် တတိယအကြိမ်မြောက် တောင်အာရှဒေသ မုတ်သုံရာသီခန့်မှန်းသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုသို့ မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်ခဲ့ပြီး လာမည့် မုတ်သုံရာသီအပေါ် ပညာရှင်တို့၏ သုံးသပ်ခန့်မှန်းချက်၊ တွက်ချက်မှုအားမြင့်မားသည့် ရာသီဥတုဆိုင်ရာ ကွန်ပျူတာများမှ ပေါ်ထွက်လာသည့်ရလဒ်များ၊ အယ်လ်နီညို၊ လာနီညာဖြစ်ပေါ်ရာဒေသ၏ လက်ရှိဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများကို သိရှိခဲ့ရပြီး မြန်မာနိုင်ငံနှင့် ဒေသတွင်းနိုင်ငံများမှ တက်ရောက်သူများ တက်တက်ကြွကြွ ဆွေးနွေးသုံးသပ်ပြီး မုတ်သုံမိုးအခြေအနေ ခန့်မှန်းချက်တစ်ရပ်ကို ဧပြီလ ၂၀ ရက်နေ့တွင် ထုတ်ပြန်နိုင်ခဲ့ကြပါသည်။

တောင်အာရှဒေသ မုတ်သုံရာသီခန့်မှန်းချက် ဆွေးနွေးပွဲကို အိန္ဒိယနိုင်ငံ ပူးနေးမြို့တွင် ဧပြီလအတွင်း ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မော်လ်ဒိုက်၊ မြန်မာ၊ နီပေါနှင့် သီရိလင်္ကာနိုင်ငံများမှ ကိုယ်စားလှယ်များ၊ တောင်အာရှနိုင်ငံများ မိုးလေဝသလေ့လာရေးဗဟိုဌာန၊ အိန္ဒိယနိုင်ငံ မိုးလေဝသဌာန၊ အိန္ဒိယနိုင်ငံ ပူးနေးမြို့ရှိ အပူပိုင်းမိုးလေဝသဗဟိုဌာန၊ အင်္ဂလန်မိုးလေဝသဌာန၊ ကိုရီးယားမိုးလေဝသဌာနနှင့် ဂျပန်မိုးလေဝသဌာနမှ ကျွမ်းကျင်သူများ တက်ရောက်ခဲ့ကြပြီး ၂၀၁၂ ခုနှစ် မုတ်သုံရာသီအပေါ်သက်ရောက်မှုများ သုံးသပ်ခဲ့ကြရာတွင် ၂၀၁၁ ခုနှစ်အတွင်း ပစိဖိတ်သမုဒ္ဒရာတွင် လာနီညာရာသီဥတု တစ်ကျော့ပြန်ဖြစ်မှုသည် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ပုံမှန်အခြေအနေသို့ ပြန်လည်အားပျော့သွားခဲ့ကြောင်း၊ လာမည့်မုတ်သုံကာလအတွင်း အယ်လ်နီညို၊ လာနီညာမရှိသော ပုံမှန်နှစ်တစ်နှစ်သာဖြစ်နိုင်ကြောင်း ရာသီဥတုခန့်မှန်းတွက်ချက်မှုအများစုက ပြဆိုနေကြောင်း၊ သို့ရာတွင် မုတ်သုံရာသီအကုန်တွင် အယ်လ်နီညိုဖြစ်နိုင်ခြေရှိမှုကိုလည်း ပစ်ပယ်မထားရန်လိုကြောင်း၊ အကယ်၍ အချို့သော သင်္ချာပုံစံတွက်ချက်မှုများအရ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ဖြစ်ပေါ်ခဲ့ပါက ၂၀၁၂ ခုနှစ် မုတ်သုံရာသီနှောင်းပိုင်းကို သက်ရောက်ဖွယ်ရှိကြောင်း၊ အိန္ဒိယသမုဒ္ဒရာ ပင်လယ်ရေမျက်နှာပြင်အပူချိန်သည်လည်း အာရေဗျပင်လယ်တွင် ပုံမှန်အောက်လျော့နေပြီး ဘင်္ဂလားပင်လယ်အော်တွင် ပုံမှန်ထက်ပိုနေကြောင်း၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာလမှစ၍ မြောက်ကမ္ဘာခြမ်းရှိ ဆီးနှင်းဖုံးလွှမ်းမှု အခြေအနေမှာ ပုံမှန်နှင့် ပုံမှန်အထက်ရှိခဲ့ကြောင်း၊ ဆီးနှင်းဖုံးလွှမ်းမှုများခြင်းသည် မုတ်သုံလေနှင့် ပြောင်းပြန်ဆက်စပ်မှုရှိပါကြောင်း၊ တောင်အာရှဒေသများအတွက် ရာသီဥတုခန့်မှန်းချက်များစွာကို စစ်တမ်းကောက်ယူ လေ့လာပြုစုချက်များအရ ၂၀၁၂ ခုနှစ် ဇွန်လမှ စက်တင်ဘာလကုန်အထိ မိုးရွာသွန်းမှုမှာ ပုံမှန်ခန့်သာရှိနိုင်ကြောင်း၊ အိန္ဒိယနိုင်ငံတောင်ပိုင်းနှင့် အနောက်မြောက်ပိုင်းဒေသများ မိုးရွာသွန်းမှု ပုံမှန်အောက်လျော့နည်းနိုင်ပြီး မြန်မာနိုင်ငံအနေဖြင့် မုတ်သုံမိုး ပုံမှန်ထက်ပိုရန် ၃၅ ရာခိုင်နှုန်း ၊ ပုံမှန်ရွာသွန်းမြဲ မိုးရေချိန်ရရှိရန် ၄၀ ရာခိုင်နှုန်းရှိကာ၊ ရွာသွန်းမြဲအောက်လျော့ရန် ၂၅ ရာခိုင်နှုန်းသာရှိကြောင်းဖြင့် ခန့်မှန်းသုံးသပ်ခဲ့ကြပါသည်။

၂၀၁၂ ခုနှစ် မုတ်သုံလေဝင်ရောက်နိုင်မှု ခန့်မှန်းချက်

အနောက်တောင်မုတ်သုံလေသည် မေ ၁၅ ရက်မှ ၁၉ ရက်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသများသို့ လည်းကောင်း၊ မေ ၂၂ ရက်မှ ၂၆ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ လည်းကောင်း၊ ဇွန် ၂ ရက်မှ ၇ ရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများသို့ လည်းကောင်း ဝင်ရောက်နိုင်ဖွယ်ရှိပါသည်။

၂၀၁၂ ခုနှစ် မုန်တိုင်းဖြစ်ပေါ်နိုင်မှု အလားအလာခန့်မှန်းချက်

မုန်တိုင်းဖြစ်ပေါ်နိုင်မှုခန့်မှန်းချက်မှာ ရာသီဥတုနှင့် မုန်တိုင်းဖြစ်ပေါ်မှုစာရင်းအင်းအချက်အလက်များအပေါ် အခြေခံလျက် ယေဘုယျခန့်မှန်းခြင်းဖြစ်သည်။ သို့ရာတွင် ယခုနှစ် အင်္ဂလန်နိုင်ငံရှိ ဥရောပရက်လတ်ခန့်မှန်းချက် ဗဟိုဌာန၏ ဧပြီလ ခန့်မှန်းချက်တွင် မေလမှ အောက်တိုဘာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နိုင်ခြေအလားအလာ ပုံမှန်ထက်ပိုနိုင်ကြောင်း ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရသည့်အပြင် ၂၀၀၆ ခုနှစ် ဧပြီလအတွင်း မာလာမုန်တိုင်း၊ ၂၀၀၈ ခုနှစ် မေလအတွင်း နာဂစ်မုန်တိုင်းနှင့် ၂၀၁၀ အောက်တိုဘာလအတွင်း ဂီရိမုန်တိုင်းတို့သည် စုံနှစ်များတွင် အစီအစဉ်တကျ နှစ်နှစ်တစ်ကြိမ် မြန်မာနိုင်ငံသို့ ဖြတ်ကျော်ခဲ့ကြောင်း တွေ့ရှိရသဖြင့် ၂၀၁၂ ခုနှစ်၏ မုန်တိုင်းဖြစ်ပေါ်မှုများသည့် မေ၊ အောက်တိုဘာ၊ နိုဝင်ဘာလများကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရှိ ဝန်ထမ်းများသည် သတိရှိရှိဖြင့် လေ့လာ၊ စောင့်ကြည့်သွားရမည်ဖြစ်သည်။

မိုးဦးကာလဖြစ်သည့် မုတ်သုံဝင်ရောက်သည့်ရက်မှ ဇွန်လကုန်အတွင်း ဘင်္ဂလားပင်လယ်အော်အတွင်း လေဖိအားနည်း ရပ်ဝန်းနှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ မိုးလယ်ကာလဖြစ်သည့် ဇူလိုင်လနှင့် ဩဂုတ်လများတွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုတ်သုံမုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ မိုးနှောင်းကာလဖြစ်သည့် စက်တင်ဘာလမှ မုတ်သုံဆုတ်ခွာချိန်အတွင်း ဘင်္ဂလားပင်လယ်အော်အတွင်း လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းထားပါသည်။

၂၀၁၂ ခုနှစ် မိုးဦး၊ မိုးလယ်၊ မိုးနှောင်း မိုးရွာသွန်းမှု ခန့်မှန်းချက်

မိုးဦးကာလအတွင်း မိုးရွာသွန်းနိုင်မှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုပြီး မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်ရွာကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် ရွာနိုင်ပါသည်။

မိုးလယ်ကာလအတွင်း မိုးရွာသွန်းနိုင်မှုအခြေအနေမှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်ရွာနိုင်သည်။

မိုးနှောင်းကာလအတွင်း မိုးရွာသွန်းမှုအခြေအနေမှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်ရွာကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် ရွာနိုင်သည်။

ယခုနှစ် မုတ်သုံမိုး ခန့်မှန်းချက်များသည် မိုးဦးသင့်၊ မိုးလယ်ကောင်း၊ မိုးနှောင်းကောင်းပြီး မိုးမည့်သော နှစ် တစ်နှစ်ဖြစ်နိုင်သည်ဟု ခန့်မှန်းသည့် အဓိပ္ပာယ်ဖြစ်သည်။ ယင်းခန့်မှန်းချက်များသည် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်အား ကိုယ်စားပြုထုတ်ပြန်ပေးလျက်ရှိသည့် ရာသီဥတုဌာနများဖြစ်သော ဆိုးလ်၊ တိုကျို၊ မွန်ထရီရယ်၊ မဲလ်ဘုန်း၊ အိတ်ဇတာ၊ ဥရောပရက်လတ်ခန့်မှန်းရေးဗဟိုဌာန၊ ဘီဂျင်း၊ မော်စကိုနှင့် ပရီတိုးရီးယားတို့၏ ပေါင်းစပ်ခန့်မှန်းချက်များနှင့်လည်း လိုက်ဖက်မှုရှိသကဲ့သို့ ထိုင်းနိုင်ငံ မိုးလေဝသဌာနမှလည်း ယခုနှစ် မုတ်သုံမိုးသည် ရွာသွန်းမြဲနှင့် ရွာသွန်းမြဲအထက်ရှိနိုင်ကြောင်း ထုတ်ပြန်ထားသည်။

ရာသီဥတုခန့်မှန်းချက်များသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲနေသော လက်ရှိမိုးလေဝသအခြေအနေများအပေါ် အမှီပြုနေသဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မျက်ခြည်မပြတ် စောင့်ကြည့်လျက် ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ရာသီဥတုခန့်မှန်းချက်များ အသုံးပြုလျက် လာမည့်မိုးရာသီအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် လိုအပ်မည့်အစီအမံများ ချမှတ်ဆောင်ရွက်လျက် ပိုမိုတိုးတက်သော ကောင်းကျိုးရလဒ်များ ရရှိစေနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မြန်မာ့ရုပ်မြင်သံကြား

၁၁-၅-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၃၀ နံနက်ခင်းသတင်း
- ၇:၄၀ ဓမ္မနုဂ္ဂဟဓမ္မကဌာ (ရွှေယမင်းဦး၊တေးရေး-မျိုးနွယ်ဆွေ၊စကားပြော-သိန်းလှမော်)
- ၇:၅၀ သံသာချို့အေးမင်္ဂလာတေး
- ၈:၀၀ သက်ရှည်ကျန်းမာလေ့ကျင့်ပါ

ညပိုင်း

- ၄:၂၀ နွေဦးဂီမှာန်တေးသံသာ (ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းနှင့်မဟာဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၄:၅၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(ပထဝီဝင်အထူးပြု) (ပထဝီဝင်)
- ၅:၀၅ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၆:၀၀ ညနေခင်းသတင်း
- ၆:၁၅ မိုးလေဝသအခြေအနေ
- ၈:၀၀ ပြည်တွင်းသတင်း -နိုင်ငံတကာသတင်းများ -မိုးလေဝသအခြေအနေ -လျှပ်တစ်ပြက်ဟာသများ

11-5 (09).pmd 1 5/11/2012, 1:01 AM

အာကာကျော် - စုစည်းသည်

စပိန်နောက်တန်းလူ ပူယိုးလ် ယူရို ၂၀၁၂နှင့် လွဲချော်မည်

ဘာစီလိုနာ မေ ၁၀

ဘာစီလိုနာအသင်း နောက်တန်းကစားသမား ပူယိုးလ် **(ယာပုံ)** သည် ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်သဖြင့် လာမည့် ယူရို ၂၀၁၂ ပြိုင်ပွဲတွင် စပိန်အသင်းအတွက် မကစားပေးနိုင်တော့ကြောင်း ၎င်း၏အေးဂျင့်က ကြေညာသည်။

အသက် ၃၄ နှစ်ရှိ ပူယိုးလ်သည် ယခုနှစ်စောစောပိုင်းက ဒူးခေါင်းဒဏ်ရာရခဲ့သဖြင့် သုံးလကြာအနားယူခဲ့ရသည်။ ၎င်းသည် ဒူးခေါင်းခွဲစိတ်ကုသမှုခံယူရမည်ဖြစ်သဖြင့် အနည်းဆုံးခြောက်ပတ်ကြာ အနားယူရမည်ဟုဆိုသည်။

၎င်းအနေဖြင့် မေ ၁၂ ရက်တွင် ဒူးခေါင်းခွဲစိတ်ကုသမှုခံယူရမည်ဟု ဆိုသည်။ ယူရို ၂၀၁၂ ပြိုင်ပွဲတွင် စပိန်အသင်းက ဇွန် ၁၀ ရက်၌ စတင်ကစားရမည်ဖြစ်သည်။ ပူယိုးလ်သည် ပြီးခဲ့သည့်အပတ်က ဘာစီလိုနာနှင့် အက်စ်ပန်ညိုတို့ ကစားခဲ့သည့်ပွဲတွင် ဒူးခေါင်းဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ၎င်းသည် စပိန်လာလီဂါ ရာသီပိတ်ပွဲအဖြစ် ဗီးရဲဘက်တစ်နှင့် ကစားမည့်ပွဲနှင့်လည်း လွဲချော်မည်ဖြစ်သည်။

ပူယိုးလ်သည် စပိန်အသင်းအတွက် ပွဲပေါင်း ၉၉ ပွဲ ပါဝင်ကစားပေးနိုင်ခဲ့ပြီဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၀ ကမ္ဘာ့ဖလား အကြိုဗိုလ်လုပွဲတွင် ဂျာမနီအသင်းကို စပိန်အသင်းက အနိုင်ရစဉ် စပိန်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပူယိုးလ်က သွင်းယူပေးနိုင်ခဲ့သည်။ **(အင်တာနက်)**





လာမည့်လ ယူရို ၂၀၁၂ ပြိုင်ပွဲ ရှက်ဖ်ချင်ကို ယူကရိန်း၌ ပါဝင်ကစားမည်

ကီယက်ဗ် မေ ၁၀

ယူရို ၂၀၁၂ ဘောလုံးပွဲများကို လာမည့် ဇွန် ၈ ရက်မှစတင်ကာ ပိုလန်နှင့် ယူကရိန်းနိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

ပူးတွဲအိမ်ရှင် ယူကရိန်းက ယင်းပြိုင်ပွဲအတွက် ကစားသမား ၂၆ ဦးကို ရွေးချယ်ထားသည်။ ယင်းတို့အထဲတွင် ချယ်လ်ဆီးတိုက်စစ်မှူးဟောင်း ရှက်ဖ်ချင်ကို **(အပေါ်ပုံ)** လည်းအပါအဝင်ဖြစ်သည်။

ယူကရိန်းနည်းပြ အိုလက်ဘလော့ကင်းက ပုံမှန်ဂိုးသမားများ ဒဏ်ရာရထားကြသဖြင့် ဂိုးသမားအသစ်နှစ်ဦးအား ရွေးချယ်ထားသည်။ ယင်းတို့မှာ မီတာလပ်ချ်ဒိုးနက်အသင်းတွင် ကစားနေသော အိုလက်စန်ဒါဘာန်ဒူရာနှင့် ဒိုင်နမိုကီယက်ဗ်တွင် ကစားနေသည့် မိုင်စင်ကိုဗစ်ဗယ်တို့ဖြစ်သည်။

ယူကရိန်းအသင်းသည် အုပ်စု(D)တွင် ပါဝင်ပြီး အင်္ဂလန်၊ ပြင်သစ်၊ ဆွီဒင်တို့နှင့် ကစားရမည်ဖြစ်သည်။ ယူကရိန်းနည်းပြ ဘလော့ကင်း၏အသင်းသည် ပွဲဦးထွက်အဖြစ် ဇွန် ၁၁ ရက်တွင် ဆွီဒင်အသင်းနှင့် ကစားရမည်ဖြစ်သည်။ အုပ်စု(D)အဖွင့်ပွဲအဖြစ် အင်္ဂလန်နှင့် ပြင်သစ်တို့ ကစားရမည်ဖြစ်သည်။ ယူကရိန်းက ဇွန် ၁၉ ရက်တွင် အင်္ဂလန်အသင်းနှင့် မကစားမီ ဇွန် ၁၅ ရက်တွင် ပြင်သစ်အသင်းနှင့် ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

<u>ကမ္ဘာ့ကျော် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒရား။</u>

မက်ဒရစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဖက်ဒရား တတိယအကျော့တက်လှမ်း

မက်ဒရစ် မေ ၁၀

ကမ္ဘာကျော် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒရားသည် မေ ၁၀ ရက်က စပိန်နိုင်ငံ၌ ကျင်းပလျက်ရှိသော မက်ဒရစ်အိုးပင်းဖလားပြိုင်ပွဲတွင် ပြိုင်ဘက် မီလော့စ်ရောနစ်ကို အနိုင်ရပြီး တတိယအကျော့ပြိုင်ပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ဖက်ဒရားသည် ကနေဒါတင်းနစ်ကစားသမား မီလော့စ်ရောနစ်အား ၄-၆၊ ၇-၅၊ ၇-၆ (၇-၄)ဖြင့် အနိုင်ရပြီး တတိယအကျော့ပြိုင်ပွဲ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ဖက်ဒရားသည် ငါးပတ်ကြာ တင်းနစ်လောကနှင့် အဆက်ပြတ်နေပြီးနောက် ပထမဆုံးပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်သည်။

ရောနစ်သည် ပြီးခဲ့သည့်အပတ်က ဗြိတိသျှနံပါတ်တစ် တင်းနစ်ကစားသမား အင်ဒီမာရေးအား ဘာစီလိုနာအိုးပင်းတွင် အနိုင်ကစားခဲ့သူဖြစ်သည်။ အမျိုးသမီးပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ပီထရာဗစ်တိုးဗားက တစ်နိုင်ငံသား ချက်တင်းနစ်မယ် လူစီဟာရာဒက်ကာအား ၆-၄၊ ၆-၃ ဖြင့် ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခဲ့ရသည်။ဒက်ကာသည် တတိယအကျော့ပြိုင်ပွဲတွင် မာကာရိုဗာနှင့် ကစားရမည်ဖြစ်သည်။ ရော်ဂျာဖက်ဒရားသည် ဂရင်းဆလမ်ဖလား ၁၆ လုံးအထိ ဆွတ်ခူးထားသူဖြစ်သည်။ ၎င်းသည် တတိယအကျော့ပြိုင်ပွဲတွင် အင်ဒီရေ့ဒစ်နှင့် ကစားရဖွယ်ရှိသည်။

ရာဖေးလ်နာဒယ်က ရုရှားတင်းနစ်ကစားသမား ဒေဗီဒန်ကိုအား ၆-၂၊ ၆-၂ ဖြင့်နိုင်ပြီး တတိယအကျော့ပြိုင်ပွဲသို့ တက်ရောက်သွားသည်။ ၎င်းသည် ဖာနန်ဒိုဗာဒက်စ်ကိုနှင့် ဆက်လက်ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

မြင့်မောင်စိုး - စုစည်းသည်

<u>ဘာမင်ဂမ်အသင်းကို အနိုင်ရပြီး ဘလက်ပူးလ်ကစားသမားများ ဤသို့ အောင်ပွဲခံခဲ့သည်။</u>

ချန်ပီယံရှစ် Play-Off ပြိုင်ပွဲ ဘလက်ပူးလ်ဗိုလ်လုပွဲတက်ပြီ

လန်ဒန် မေ ၁၀

ဘလက်ပူးလ်အသင်းနှင့်ဘာမင်ဂမ်အသင်းတို့သည် မေ ၁၀ ရက် နံနက်ပိုင်းက ပရီမီယာလိဂ်ဝင်ခွင့်နေရာရရှိရေးအတွက် ချန်ပီယံရှစ် Play-Off ဒုတိယအကျော့အကြိုဗိုလ်လုပွဲအဖြစ်ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်ခဲ့သည်။

ဘလက်ပူးလ်အသင်းသည် ပထမအကျော့တွင် ဘာမင်ဂမ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့၍ Play-Off ဗိုလ်လုပွဲသို့တက်ရောက်သွားပြီဖြစ်သည်။ ဘလက်ပူးလ်အသင်းသည် ဗိုလ်လုပွဲတွင် ဝက်စ်ဟမ်းအသင်းနှင့် ကစားရမည်ဖြစ်သည်။ ဝက်စ်ဟမ်းအသင်းသည် ကာဒစ်အသင်းကို အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။

ဝက်စ်ဟမ်းနှင့်ဘလက်ပူးလ်တို့သည် လာမည့် မေ ၁၉ ရက်တွင် ဝင်ဘလေကွင်းကြီး၌ ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဗိုလ်လုပွဲတွင် အနိုင်ရသောအသင်းသည် လာမည့်နှစ်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲသို့ တန်းတက်အသင်းတစ်သင်းအဖြစ် ကစားခွင့်ရမည်ဖြစ်သည်။ ရီးဒင်းနှင့် ဆောက်သမ်ပတန်အသင်းတို့သည် ချန်ပီယံရှစ်ထိပ်ဆုံးတွင် အမှတ်အများဆုံးအသင်းများဖြစ်၍ Play-Off မကစားရဘဲ တိုက်ရိုက်ပရီမီယာလိဂ်သို့ ဝင်ခွင့်ရရှိခဲ့ပြီဖြစ်သည်။

<u>ရေပန်းအစားဆုံး</u>

ဝက်စ်ဟမ်းနှင့်ဘလက်ပူးလ်တို့နှစ်သင်းအနက်မှ အနိုင်ရဗိုလ်စွဲသော အသင်းသည် ပရီမီယာလိဂ်သို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ ယင်းတို့နှစ်သင်းအနက် ဝက်စ်ဟမ်းအသင်းသည်ပရီမီယာလိဂ်သို့ တန်းတက်ရန်ရေပန်းအစားဆုံးအသင်းဖြစ်သည်။ **(အင်တာနက်)**

ယူရိုပါလိဂ်ဖလားလုပွဲ အက်သလက်တီကို ဗိုလ်စွဲပြီ

ဘူခါရက် မေ ၁၀

စပိန်လာလီဂါကလပ်များဖြစ်ကြသည့် အက်သလက်တီကိုမက်ဒရစ်နှင့် ဘီလ်ဘာအိုအသင်းတို့သည် မေ ၁၀ ရက် နံနက်ပိုင်းက ယူရိုပါလိဂ်ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရာ အက်သလက်တီကိုအသင်းက သုံးဂိုးပြတ်ဖြင့် အနိုင်ရပြီး ချန်ပီယံဆုဖလားကြီး ဆွတ်ခူးရရှိသွားခဲ့သည်။ **(ယာပုံ)**

အက်သလက်တီကိုအသင်းအတွက် ဂိုးများကို ရာဒါမဲလ်ဖော်ကောနှင့် ဒီဂိုတို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ကိုလံဘီယာတိုက်စစ်မှူး ဖော်ကောသည် အက်သလက်တီကိုအသင်းအတွက် ဂိုးများကို ပွဲချိန်နှစ်မိနစ်တွင်လည်းကောင်း၊ ၃၄ မိနစ်တွင်လည်းကောင်း သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ တိုက်စစ်မှူးဖော်ကောသည် ပြီးခဲ့သည့်နှစ် ဗိုလ်လုပွဲတွင်လည်း ပေါ်တိုအသင်းနှင့်ကစားစဉ် တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဘီလ်ဘာအိုအသင်းသည် ဒုတိယပိုင်းတွင် ချေပဂိုးရရှိရေးအတွက် အက်သလက်တီကိုအသင်းကို တန်ပြန်တိုက်စစ်ဖြင့် ကစားခဲ့သည်။ မာကဲလ်ဆူဆေတာက အနီးကပ်ဂိုးနှစ်ဂိုးသွင်းယူရန် ကြိုးစားခဲ့သော်လည်း ဘီလ်ဘာအိုတို့ ဂိုးမဝင်ခဲ့ပေ။ ပွဲချိန် ၈၅ မိနစ်မှာတော့ ဘီလ်ဘာအိုက ဖွင့်ကစားရာမှ ဒီဂိုက အက်သလက်တီကိုအသင်းအတွက် တတိယအနိုင်ဂိုးသွင်းယူပေးခဲ့ပြန်သည်။ **(အင်တာနက်)**

ဘော်လ်တန်အသင်း တန်းဆင်းဇုန်လွတ်မြောက်နိုင် ကွင်းလယ်ကစားသမား ကိုကာ ထုတ်ဖော်ပြောကြား

လန်ဒန် မေ ၁၀

ဘော်လ်တန်အသင်းသည် တန်းဆင်းဇုန်လွတ်မြောက်ရန် အခွင့်အလမ်းရှိနေဆဲဖြစ်ကြောင်း ဘော်လ်တန်ကွင်းလယ်ကစားသမား ရီယိုကိုကာက ထုတ်ဖော်ပြောကြားလိုက်သည်။

*ကွင်းလယ်ကစားသမား ရီယိုကိုကာ **(ဝဲပုံ)**သည် ၂၀၀၇ခုနှစ်တွင် ဝက်စ်ဟမ်းအသင်းက မန်ယူကိုနိုင်ပြီး ဝက်စ်ဟမ်းအသင်းကို တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်အောင် စွမ်းဆောင်ပေးခဲ့ဖူးသည်။*

ဘော်လ်တန်အသင်းသည် လာမည့် မေ ၁၄ ရက်တွင် စတုတ်ကို အနိုင်ကစားပြီး မန်စီးတီးကလည်း ကျူပီအာကို အနိုင်ကစားနိုင်လျှင် ဘော်လ်တန်တို့ ပရီမီယာလိဂ်တွင် ဆက်လက်ကစားခွင့်ရမည်ဖြစ်သည်။

လက်ရှိကျူပီအာအသင်းသည် တန်းဆင်းဇုန်(အောက်ဆုံးသုံးသင်း) အထက် ရမှတ် ၃၇ မှတ်ဖြင့် ရပ်တည်လျက်ရှိသည်။ ဘော်လ်တန်က ၎င်း၏အောက်တွင် ရမှတ် ၃၅ မှတ်ဖြင့် ရပ်တည်လျက်ရှိသည်။ လာမည့်ရာသီပိတ်ပြိုင်ပွဲတွင် ဘော်လ်တန်က စတုတ်ကို အနိုင်ကစားဖို့လိုသည်။ မန်စီးတီးကလည်း ဖလားလုပွဲဖြစ်၍ ကျူပီအာကို သေချာပေါက်အနိုင်ကစားလိမ့်မည်ဟု မျှော်လင့်ရသည်။

ဘလက်ဘန်းနှင့် ဝုဖ်တို့မှာ တန်းဆင်းသွားပြီဖြစ်သည်။ ကျူပီအာနှင့် ဘော်လ်တန်တို့ထဲမှ တစ်သင်းသင်း တန်းဆင်းရမည်ဖြစ်သည်။ ၎င်းတို့နှစ်သင်းထဲမှ အလေးအသာဆုံးအသင်းမှာ ဘော်လ်တန်အသင်းဖြစ်သည်။ ဘော်လ်တန်က စတုတ်ကိုအနိုင်ကစားရန်လိုသည်။ မန်စီးတီးကတော့ ကျူပီအာကို အနိုင်ကစားဖွယ်ရှိသည်။ ဘော်လ်တန်သည် စတုတ်ကိုအနိုင်ကစားနိုင်ခဲ့လျှင် ပရီမီယာလိဂ်တွင် သေချာပေါက် ဆက်ကစားခွင့်ရမည်ဖြစ်သည်။ ***(အင်တာနက်)***

ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ပိုလန်နိုင်ငံခြားရေးဝန်ကြီးနှင့် ဟောင်ကောင်ဧည့်သည်တို့ သီးခြားစီတွေ့ဆုံ

နေပြည်တော် မေ ၁၀

ပိုလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ရာဒိုစလော စီကိုစကီ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၌ စွမ်းအင်ဆိုင်ရာလုပ်ငန်းများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများအားရှာဖွေနိုင်ရန် ယမန်နေ့ မွန်းလွဲပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာနသို့ ရောက်ရှိခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုလက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပိုလန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးက ပိုလန်နိုင်ငံ၏ စွမ်းအင်ထုတ်လုပ်ရေး၊ သတ္တုတူးဖော်ရေး လုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားပြီး အတူလိုက်ပါလာကြသည့် လုပ်ငန်းရှင်များက ငွေကြေးအရ ရင်းနှီးမြှုပ်နှံလိုမှု၊ လုပ်ငန်းသုံးပစ္စည်းများနှင့် နည်းပညာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလိုသည့် အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံမှ ပညာရှင်များအား နည်းပညာကျွမ်းကျင်မှု အကူအညီများနှင့် သင်တန်းများခေါ်ယူပေးအပ်လိုသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် ပိုလန်နိုင်ငံက ပါဝင်ဆောင်ရွက်လိုမှုနှင့် နည်းပညာအကူအညီပေးအပ်လိုမှုများကို ကြိုဆိုပါကြောင်း၊ လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူခြင်း၊ နည်းပညာဝန်ဆောင်မှုလုပ်ငန်းများ ငှားရမ်းခြင်းစသည့်လုပ်ငန်းများကို နိုင်ငံတကာကုမ္ပဏီများနည်းတူ တင်ဒါစနစ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင် လုပ်ကိုင်နိုင်ပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးအား ဟောင်ကောင်မှ Euromoney Institutional Investor Limited Chief Executive Officer Mr. Tony Shale နှင့်အဖွဲ့သည် လာရောက်တွေ့ဆုံပြီး စွမ်းအင်ကဏ္ဍလုပ်ငန်းများတွင် ပါဝင်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တွေ့ဆုံဆွေးနွေး

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးနှင့် ပိုလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ရာဒိုစလော စီကိုစကီတို့ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

အချင်း ၁၄ မိုင်ခန့်ရှိသော မီးတောင်ချိုင့်ဝှမ်းကြီး အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်၌ တွေ့ရှိ

လော့စ်အိန်ဂျလိစ် မေ ၁၀

အင်္ဂါဂြိုဟ်မျက်နှာပြင်ကို အသေးစိတ်လေ့လာရာ အင်္ဂါဂြိုဟ်မျက်နှာပြင်၌ အလွန်ကြီးမားသော မီးတောင်ချိုင့်ဝှမ်းကြီးတစ်ခု**(ယာပုံ)**ကို အော်ပို့ကျူနတီယာဉ်က ရှာဖွေတွေ့ရှိခဲ့ကြောင်း မေ ၉ ရက်က နာဆာမှ သတင်းထုတ်ပြန်သည်။



၎င်းမီးတောင်ချိုင့်ဝှမ်းကြီးသည် အချင်း ၁၄မိုင်ခန့်ရှိပြီး ယခင်က အင်္ဂါဂြိုဟ်ပေါ်တွင်ရှာဖွေတွေ့ရှိသမျှ မီးတောင်ထိပ်ဝများအနက် အကြီးမားဆုံးနှင့် သက်တမ်းအရင့်ဆုံးဖြစ်ကြောင်း ၎င်းတို့ကပြောကြားသည်။ အဆိုပါ မီးတောင်ချိုင့်ဝှမ်းအတွင်း၌ အေးခဲနေသော အရည်များနှင့် ကျောက်ခဲများ ရောပြွမ်းလျက်ရှိနေကြောင်း၊ ၎င်းမီးတောင်ချိုင့်ဝှမ်း အနီးဝန်းကျင်တွင်လည်း အင်္ဂါဂြိုဟ်မျက်နှာပြင်၏ ဘူမိရုပ်သွင်ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို တွေ့ရှိရကြောင်း နာဆာအာကာသသိပ္ပံပညာရှင် ဒေါက်တာမက်လန်နန်က ပြောကြားသည်။

အော်ပို့ကျူနတီယာဉ်ကို နာဆာက လွန်ခဲ့သည့် ရှစ်နှစ်ခန့်ကပင် အင်္ဂါဂြိုဟ်မျက်နှာပြင်သို့ လေ့လာရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် စေလွှတ်ထားခဲ့ခြင်းဖြစ်သည်။ အော်ပို့ကျူနတီယာဉ်သည် အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်ရှိ ယခင်တွေ့ရှိခဲ့သော အင်ဒီဗား မီးတောင်ချိုင့်ဝှမ်းဟု အမည်ပေးထားသည့်နေရာသို့ လေ့လာသုတေသနပြုလုပ်ပြီးနောက် ယခုကဲ့သို့ အလွန်ကြီးမားသော မီးတောင်ချိုင့်ဝှမ်းကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ◆

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

အသားစားပန်းပင် နှစ်ပင် ပန်းပွင့်များ ပွင့်လန်းလာတော့မည် စာ-၅

မိုက်ကယ်ဂျက်ဆင်ရဲ့ အယ်လ်ဘမ်ထက် အဒေလီရဲ့အယ်လ်ဘမ် ရောင်းအားကောင်း စာ-၇

ယူရိုပါလိဂ်ဖလားလုပွဲ အက်သလက်တီကို ဗိုလ်စွဲပြီ စာ-၁၀

မြန်မာ့အလင်း အဏ္ဏဝါသိပ္ပံ

ပစိဖိတ်သမုဒ္ဒရာအတွင်း စွန့်ပစ်ပလတ်စတစ်မှုန်များပမာဏ အလွန်များပြားနေ

ကောင်းမြတ်သူ – ရေးသားသည်

ကယ်လီဖိုးနီးယား မေ ၁၀

ပစိဖိတ်သမုဒ္ဒရာအရှေ့မြောက်ပိုင်း၌ မျောပါနေသော ပလတ်စတစ်မှုန်ငယ်များ၏ ပမာဏသည် လွန်ခဲ့သည့် အနှစ် ၄၀ ကျော်အတွင်း အဆရာနှင့်ချီ တိုးပွားလာနေကြောင်း မေ ၁၀ ရက်တွင် သတင်းဖော်ပြသည်။

ခရစ်အဏ္ဏဝါသိပ္ပံဌာနမှ သုတေသနသိပ္ပံပညာရှင်များသည် ကယ်လီဖိုးနီးယားကမ်းလွန်၌ စွန့်ပစ်ကြွပ်ကြွပ်အိတ်များ ပိုက်စိပ်တိုက်ဆယ်ယူစဉ် ရေအတွင်း ပလတ်စတစ် အမှုန်ငယ်များပါဝင်မှု လွန်စွာများပြားနေကြောင်း လေ့လာတွေ့ရှိခဲ့သည်ဟု ဆိုသည်။

အဆိုပါ သုတေသနပညာရှင်များသည် ၎င်းဒေသမှ ယခင်တွေ့ရှိချက်များနှင့်

စာမျက်နှာ ၇ ကော်လံ ၅ ✱

ကမ္ဘာတစ်လွှားထူးထူးခြားခြား

➢ မောင်မောင်မြင့်ဆွေ - ရေးသားသည် ➣

ကမ္ဘာ့အကြီးဆုံးဘတ်စ်ကား တရုတ်၌ ထုတ်လုပ်

ပေကျင်း မေ ၁၀

ကမ္ဘာ့အကြီးဆုံး ဘတ်စ်ကားတစ်စီးကို တရုတ်နိုင်ငံ မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် ဘီအာတီက ထုတ်လုပ်လိုက်ကြောင်း၊ ၎င်းဘတ်စ်ကားသည် ကမ္ဘာပေါ်တွင် အကြီးဆုံး ဘတ်စ်ကားအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရကြောင်း မေ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ယန်းမင်းဟု အမည်ပေးထားသော ၎င်းဘတ်စ်ကား ***(အောက်ပုံ)*** *သည် အရှည် ၈၂ ပေရှိပြီး တစ်နာရီလျှင် မိုင် ၅၀ နှုန်း မောင်းနှင်နိုင်သည်။ ဘတ်စ်ကားပေါ်တွင် ထိုင်ခုံ ၃၀၀ ပါရှိပြီး ဘီးတပ်လှည်းဖြင့် သွားလာရသောသူများ အတွက်လည်း သက်သာစွာလိုက်ပါစီးနင်းနိုင်အောင် တည်ဆောက်ထားသည်။*

အဆိုပါ ဘတ်စ်ကားပေါ်သို့ တက်ရောက်ရန် ခရီးသည် အဆင်းအတက် တံခါးပေါက် ငါးပေါက်ပါရှိပြီး ထိုင်ခုံများတွင်လည်း အထူးသက်သာစွာစီးနိုင်ရန် သားရေဖုံးများဖြင့် ချုပ်ထားသော ရေမွေ့ထိုင်ခုံများ တပ်ဆင်ထားသည်။

ဘတ်စ်ကား ထိုင်ခုံများမှ မြင်ကွင်းကောင်းကောင်း ကြည့်ရှုနိုင်သည့် ရုပ်မြင်သံကြားစက်လေးလုံး တပ်ဆင်ထားပြီး ဘတ်စ်ကားတစ်စီးလုံးတွင် လေအေးစက်များ တပ်ဆင်ထားသည်။

ထိုင်ခုံတိုင်းတွင် နောက်သို့မှီကာ သက်သာစွာ အိပ်စက်လိုက်ပါစီးနင်းနိုင်အောင်လည်း ပြုလုပ်နိုင်သည်။

၎င်းဘတ်စ်ကားကို လောလောဆယ်တွင် မြို့တော် ပေကျင်းနှင့် ဟန်ကျိုးမြို့များသို့ နေ့စဉ် ပြေးဆွဲပေးလျက်ရှိသည်။

ကမ္ဘာပေါ်တွင် လူဦးရေအများဆုံးနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံအတွက် ယင်းဘတ်စ်ကားကြီးများကို တိုးမြှင့်ထုတ်လုပ်သွားရန် စီစဉ်လျက်ရှိသည်။ ***(အင်တာနက်)***